မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၉၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် လုပ်ငန်းတစ်ခုလုံး အချိန်မီပြီးစီးရေး နည်းပညာအရ အချိတ်အဆက်မိမိ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြား

ရန်ကုန် မေ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ မေ ၁၇ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကျင်းပသည့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ကျောက်ဖြူမြို့ နယ်မြေခံတပ်ရင်း သတိုးမဟာဗန္ဓုလခန်းမ၌ ကျောက်ဖြူတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမရှင်းလင်းမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း ရေလှောင်တမံ တည်ဆောက်မည့်နေရာနှင့် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

နိုင်ငံတော်ကြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးရှိ ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများသည် မိမိဒေသ၊ မိမိနယ်မြေ ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြသည်။ ဒေသအားလုံးသည်လည်း တစ်ပြိုင်တည်း မျှမျှတတ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြသည်။ အခြားဒေသများနည်းတူ နယ်စပ်ဒေသဖြစ်သည့် ရခိုင်ပြည်နယ် မောင်တောဒေသသည်လည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ၁၃ရက်နေ့ နံနက်ပိုင်းက မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"ဤဒေသအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ပူးပေါင်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း"

လမ်းညွှန်မှာကြားခဲ့သည်။

မောင်တောဒေသသည် တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ဒေသဖြစ်၍ ယင်းဒေသ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများသည် တာဝန်သိမှု၊ သစ္စာရှိမှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှုတို့ဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ပိုမိုအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ နယ်မြေဒေသကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်ခိုင်မာနေစေရန် ဖိဖိစီးစီး ကြိုးကြိုးစားစား အလုပ်လုပ်သွားကြရမည်ဖြစ်သည်။ မိမိဒေသအတွင်းရှိ ကျေးလက်ဒေသများပါ တစ်ပါတည်းဖွံ့ဖြိုးလာစေရန် ထိထိရောက်ရောက် ကွင်းဆင်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ဆက်စပ်ပြီး အပြန်အလှန် ကူးလူးဆက်ဆံနေသော မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ တမူး စသည့် နယ်စပ်ဒေသများနည်းတူ မောင်တောဒေသသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

ယင်းသို့ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်က လိုအပ်သော အုပ်ချုပ်ရေးအခြေခံနှင့် လမ်းပန်းဆက်သွယ်မှု အခြေခံတို့ကို တိုးတက်ကောင်းမွန်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိတ်အဆက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ စီမံပေးမှုများနှင့် ဖန်တီးပေးထားသော အခြေခံများကို ထိထိရောက်ရောက် အသုံးချ၍ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာရေး အားသွန်ခွန်စိုက် အလုပ်လုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ် မောင်တောဒေသအပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ပူးပေါင်း၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ထိထိရောက်ရောက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်ခင်းကျင်းမှုလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းများ အဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက်၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တာမွေမြို့နယ် တာမွေလမ်းဆုံအနီးသို့ ရောက်ရှိလာပြီး အနောက်မြင်းပြိုင်ကွင်းလမ်းအား ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

လိုအပ်သည်များမှာကြား

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ကျောက်တံတားမြို့နယ် အနော်ရထာလမ်း၊ ဒဂုံမြို့နယ် အလုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းတို့အား ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်မှ လှိုင်မြစ်အတွင်းစီးဝင်သည့် မြစ်ထွက်ပေါက် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆောင်ရွက်လျက်ရှိ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မိုးရွာသွန်းချိန်၌ ရန်ကုန်မြို့တော်အတွင်း ရေလျှံမှုမဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်း၍ ရေနုတ်မြောင်းများမှ တစ်ဆင့် ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပဲခူးမြစ်နှင့် ငမိုးရိပ်ချောင်းများအတွင်းသို့ စီးဝင်သည့် မြစ်ထွက်ပေါက်များကို စီမံချက်ဖြင့် မိုးမကျမီ အပြီးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀-၄-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၀၀ ၉။ မျိုးချစ်တပ်မတော်
- ၅း၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၃၀ ၁၁။ ခါသကြိန်အဆိုအကများ
- ၅း၄၅ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၅။ မိုးလေဝသ သတင်း
- ၆း၂၅ ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း–၁၈)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"**(အပိုင်း–၂၆)

ရန်ကုန်မြို့ သာကေတမြို့နယ် (၂) မြောက်ရပ်ကွက် အနော်မာ အနောက်လမ်း ၂၀ အမှတ်(၁၈)နေ မအိသဉ္ဇာအောင်(ခေတ္တ–ဩစတြေးလျ)၏ (၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်ဘူတာ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မိမိဒေသအကျိုးအတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အချိန်နှင့်အမျှ တိုးတက်သည်ထက် တိုးတက်နေအောင်ဖော်ဆောင်

နေပြည်တော် ဧပြီ ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်)ရထားတံတားဖွင့်ပွဲအခမ်းအနားကို (မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် အဆိုပါဘူတာအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ အမှာစကားပြောကြားပြီး မော်လမြိုင်ဘူတာ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အထူးဂုဏ်ယူဝမ်းမြောက်

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကျက်သရေမင်္ဂလာရှိသည့် မြန်မာ့နှစ်သစ်ကူးအခါသမယ နှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံတော်၏ လမ်းတံတားကဏ္ဍအတွက် မှတ်တိုင်တစ်ရပ်အဖြစ် မော်ကွန်းတင်နိုင်သည့် မွန်ပြည်နယ် ကျက်သရေဆောင် သံလွင်တံတား(မော်လမြိုင်) မီးရထားတံတားနှင့် ခေတ်မီ မော်လမြိုင် ဘူတာရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ကျက်သရေမင်္ဂလာရှိရှိ စည်စည်ကားကားကျင်းပသည့်အချိန်တွင် ပြည်သူများနှင့်အတူ တက်ရောက်နိုင်ပြီး စကားပြောခွင့်ရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရှေးဦးစွာ ပြောကြားလိုကြောင်း။

ပြီးခဲ့သည့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် နိုင်ငံတော်၏ အရှည်လျားဆုံးဖြစ်သည့် ဤကားလမ်းတံတားကြီးကို ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ပါကြောင်း၊ ထိုစဉ်က တံတားကြီး၏ အဓိကပင်မအပိုင်းမှာ ကားလမ်း၊ ရထားလမ်းနှင့် လူသွားလမ်းတို့ကို တည်ဆောက်ပြီးစီးခဲ့သော်လည်း တံတားကြီးကို ချဉ်းကပ်သည့် ရထားချဉ်းကပ်တံတားများကို တည်ဆောက်နေဆဲကာလဖြစ်ကြောင်း။

လျင်မြန်စွာဖြတ်သန်းသွားလာနိုင်

ယခုအချိန်တွင် မော်လမြိုင်ဘက်မှာရော မုတ္တမဘက်မှာပါ ချဉ်းကပ်ရထားတံတားများနှင့် ချဉ်းကပ်ရထားလမ်းများကို ပြည့်စုံစွာ တည်ဆောက်ပြီးစီးသွားသည့်အတွက် မော်တော်ကားရော မီးရထားများပါ သံလွင်တံတားကြီးပေါ်မှ လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း။

ထို့ကြောင့် မော်လမြိုင် သံလွင်မြစ်ကျော်ကားလမ်းတံတားကြီး ဖွင့်လှစ်ပေးခဲ့ပြီးနောက် တစ်နှစ်အကြာတွင် ယခုကဲ့သို့ မီးရထားလမ်းနှင့် ခေတ်မီဘူတာရုံအသစ်ကြီးကို ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း။

မြန်မာ့သမိုင်းဝင်တံတားကြီး

မော်လမြိုင်ဘက်ခြမ်းတွင် ချဉ်းကပ်တံတား အရှည် ၁ ဒသမ ၂၂ မိုင်၊ မုတ္တမဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၁ ဒသမ ၄၂ မိုင်အပါအဝင် စုစုပေါင်း ရထားသံလမ်း ၄ ဒသမ ၇၅ မိုင်ကို မြန်မာ့မီးရထားနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။ တည်ဆောက်ရသည့် ချဉ်းကပ်တံတားတိုင်များသည် မြင့်မား ရှည်လျားသည့်အပြင် တံတားတည်ဆောက်မှုလုပ်ငန်းသည် နည်းပညာအရ အလွန်လက်ဝင်သည့် လုပ်ငန်းမျိုးဖြစ်ကြောင်း၊ ပင်မတံတားကြီးကိုသာမက ရထားလမ်းတွေကိုပါ မြန်မာအင်ဂျင်နီယာ အတတ်ပညာရှင်များက ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား ကြံစည်လုပ်ကိုင်တည်ဆောက်နိုင်ခဲ့သည်ကို မိမိတို့အသိအမှတ်ပြု မှတ်တမ်းတင်ရမှာပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကားလမ်း၊ ရထားလမ်း၊ လူသွားလမ်းတို့နှင့် ပြည့်ပြည့်စုံစုံ ထည့်သွင်းတည်ဆောက်ထားသည့် သံလွင်တံတား (မော်လမြိုင်) ကို တစ်မျိုးသားလုံးအနေဖြင့်ရော ဒေသခံများအနေဖြင့်ပါ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝင့်ကြွားရမည့် မြန်မာ့သမိုင်းဝင် တံတားကြီးဖြစ်ကြောင်း အသိပေးလိုကြောင်း၊ ထပ်ဆင့်ပြောကြားရဦးမည်ဆိုလျှင် ဤတံတားကြီးသည် နည်းပညာအရ အဆင့်အတန်းရှိသည့် တံတားကြီးဖြစ်သည့်အပြင် နိုင်ငံတော်နှင့် ဒေသအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အရလည်း အရေးပါသည့် တံတားကြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ တောင်ဘက်ဖျား တနင်္သာရီတိုင်း၊ ကော့သောင်းမြို့မှ မော်တော်ကားများသည် နိုင်ငံတော်က တည်ဆောက်ပေးထားပြီးဖြစ်သည့် လေညှာ-မဏ္ဍိုင်တံတား၊ တနင်္သာရီတံတား၊ ကျွဲကူး-ကျောက်ဖျာတံတား၊ ပသောင်းတံတား၊ ပုလောတံတား၊ ပလောက်တံတား၊ ဝင်းဝတံတား၊ ရေးတံတား စသည့် မြစ်ကူး၊ ချောင်းကူးတံတားကြီး အသွယ်သွယ်ကို ဖြတ်သန်းပြီး မော်လမြိုင်တံတားကြီးမှ တစ်ဆင့် ပြည်နယ်၊ တိုင်းအနှံ့ကို လွယ်လင့်တကူ ခရီးဆက်နိုင်မှာဖြစ်ကြောင်း၊ အလားတူပင် ထားဝယ်ကလာသည့် မီးရထားသည်လည်း ရေးတံတားနှင့် ဤတံတားကြီးကိုဖြတ်ပြီး ရန်ကုန်မြို့တော်ကို မြန်မြန်ဆန်ဆန် သွားနိုင်တော့မှာဖြစ်ကြောင်း၊ ရထားလမ်းတစ်လျှောက် ပြုပြင်မွမ်းမံစရာရှိသည်များကို ပြုပြင်မွမ်းမံပြီးလျှင် ရန်ကုန်မှ ထားဝယ်ကို ရထားဖြင့် တောက်လျှောက်သွားနိုင်တော့မှာလည်းဖြစ်ကြောင်း၊ ခရီးသွားလာမှု လွယ်ကူသွားသကဲ့သို့ ကုန်စည် စီးဆင်းမှုသည်လည်း မြန်ဆန်သွက်လက်လာမှာ ဧကန်ပင်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်မှ ထွက်ကုန် ပစ္စည်းမျိုးစုံသည် ဈေးကွက်ရှိရာဒေသအသီးသီးကို အချိန်တိုအတွင်း စုန်ဆန်စီးဆင်းနိုင်တော့မှာဖြစ်ကြောင်း။

ပိုမိုအထောက်အကူပြု

တည်ဆောက်နေဆဲ စီမံကိန်းများနှင့် ဆက်စပ်ကြည့်မည်ဆိုလျှင် လက်ရှိ သိမ်ဇရပ်တွင်ရှိသည့် စစ်တောင်းတံတားနှင့် ယှဉ်ပြီး တည်ဆောက်နေသည့် စစ်တောင်းရွာအနီး မြစ်ကူးမော်တော်ကားတံတားသစ် ပြီးစီးသွားမည်ဆိုလျှင် ထို့အပြင် ဖောက်လုပ်နေဆဲစစ်တောင်း-ဒိုက်ဦးကားလမ်းနှင့် မီးရထားဖြတ်လမ်း ပြီးသွားမည်ဆိုလျှင် တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပို့ဆောင်ရေးလမ်းကြောင်း အပိုင်းကနေပြီး ပိုမိုအထောက်အကူပြုသွားဦးမှာ သေချာလျက်ရှိကြောင်း၊ ယင်းလမ်းများသည် မော်လမြိုင်မှ ပျဉ်းမနား-မန္တလေး စသည်တို့ကို သွားမည်ဆိုလျှင် ရထားလမ်းအနေဖြင့် မိုင် ၄၀ ခရီးတိုသွားပြီး ကားလမ်းသည် မိုင် ၂၀ ခရီးတိုသွားမှာဖြစ်ကြောင်း။

တပ်မတော်အစိုးရလက်ထက်တွင် မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ တံတားများကိုတည်ဆောက်နေသည့်ရည်ရွယ်ချက်သည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို သွားလာမှု လွယ်ကူချောမွေ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိခိုင်မာစေရေး၊ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်းဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားများ၏ စီးပွားရေးဖွံ့ဖြိုးမှု ခိုင်မာပြီး လူနေမှုဘဝမြင့်မားလာစေရေးဆိုသည့် ရည်ရွယ်ချက်များအတွက်ပင်ဖြစ်ကြောင်း။

လမ်းညွှန်ချက်

ဤနေရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ လမ်းညွှန်ချက်အချို့ကို ကောက်နုတ်တင်ပြရမည်ဆိုလျှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

> **“နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို ဖွံ့ဖြိုးတိုးတက်စေချင်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်း ဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ ရထားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားပြည်သူ အားလုံးသည် ဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမများဖြစ်ရာ တစ်ဦးချမ်းသာ ကျန်းမာသလို တစ်ဦးကိုလည်း ကျန်းမာချမ်းသာအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်း၊ မည်သည့် တိုင်းရင်းသား သားသမီးကိုမဆို သာစေနာစေဟူ၍ မရှိကြောင်း၊ သားသမီးအားလုံး ဆင်စီးမြင်းရံ စေချင်သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ငွေကြေး အမြောက်အမြား အကုန်အကျခံ၍ တံတားကြီးများတည်ဆောက်ပေးခြင်းဟာ စီးပွားရေး အကျိုးအမြတ်အရ တွက်ချေကိုက်မှု မရှိသော်လည်း ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ကြောင်း၊ သောင်းကျန်းသူဒဏ်အပါအဝင် ဒုက္ခအမျိုးမျိုး ခံစားနေကြရတဲ့ ပြည်နယ်သားများတိုးတက်စေရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း”**

စသည်ဖြင့် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

ထို့ကြောင့်လည်း တပ်မတော်အစိုးရအနေဖြင့် တံတားကြီးစာရင်းဝင် တံတားသစ်ကြီးပေါင်း ၂၁၃ စင်းကို နယ်မြေဒေသအနှံ့တွင် တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဤသို့တံတားကြီးများ တည်ဆောက်ရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကသာမက စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့များ၊ မြန်မာ့မီးရထားအင်ဂျင်နီယာများ၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာများစသည့် လမ်းတံတားနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးကို တံတား တည်ဆောက်မှုအတွေ့အကြုံနှင့် နည်းပညာရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးပြီး တစ်နိုင်ငံလုံးရှိ တံတားကြီးများကို ဝိုင်းဝန်းတည်ဆောက်စေခဲ့ခြင်းဖြစ်ကြောင်း။

တစ်ဆက်တစ်စပ်တည်း

ထို့အတူ နိုင်ငံတော်တွင် ၁၉၈၈ခုနှစ်က ကားလမ်းမိုင်၂၁၀၀၀ ကျော်ခန့်နှင့် မီးရထားလမ်း မိုင် ၂၀၀၀ ခန့်ရှိရာက အခုဆိုလျှင် ကားလမ်းမိုင် ၅၈၀၀၀ကျော်၊ မီးရထားလမ်း မိုင် ၃၀၀၀ ကျော်အထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီ

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်၏တောင်ဘက်ဖျား တနင်္သာရီတိုင်း၊ ကော့သောင်းမြို့မှ မော်တော်ကားများသည် နိုင်ငံတော်က တည်ဆောက်ပေးထားပြီးဖြစ်သည့် လေညှာ-မဏ္ဍိုင်တံတား၊ တနင်္သာရီတံတား၊ ကျွဲကူး-ကျောက်ဖျာတံတား၊ ပသောင်းတံတား၊ ပုလောတံတား၊ ပလောက်တံတား၊ ဝင်းဝတံတား၊ ရေးတံတား စသည့် မြစ်ကူး၊ ချောင်းကူးတံတားကြီး အသွယ်သွယ်ကိုဖြတ်သန်း၍ မော်လမြိုင်တံတားကြီးမှတစ်ဆင့် ပြည်နယ်၊ တိုင်းအနှံ့ကို လွယ်လင့်တကူ ခရီးဆက်နိုင်မှာဖြစ်ပြီး ထားဝယ်ကလာသည့် မီးရထားသည်လည်း ရေးတံတားနှင့် ဤတံတားကြီးကိုဖြတ်ပြီး ရန်ကုန်သို့ မြန်မြန်ဆန်ဆန်သွားနိုင်တော့မည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် ဂန်ယူစီရင်စုမှ ငါးဖမ်းအလုပ်သမားများ ဖမ်းဆီးရမိခဲ့သည့် အရှည် ၁၅ပေနှစ်လက်မ၊အလေးချိန် ကီလိုဂရမ်၇၅၀ရှိ ငမန်းကြီးကို ဧပြီ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မျက်စိကို လေဆာရောင်ခြည်ဖြင့်ကုသပါက အမြင်စွမ်းအားပိုမိုကောင်းမွန်နိုင်

လန်ဒန် ဧပြီ ၁၉

အမြင်အာရုံ ပိုမိုကောင်းမွန်စေရန်အတွက် လူတို့၏မျက်စိများကို ခွဲစိတ်ကုသရာတွင် လေဆာရောင်ခြည် သုံးပြီး ခွဲစိတ်ကုသပါက အမြင်အာရုံကိုပိုမိုကောင်းမွန်စေပြီး မျက်ကပ်မှန်နှင့် မျက်မှန်တို့အပေါ် မှီခိုအားထားရမှု လျော့နည်းစေကြောင်း သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

ဆရာဝန်များအနေဖြင့် လေဆာရောင်ခြည်ဖြင့် အသုံးပြုခွဲစိတ်ပါက မျက်စိတွင် ထိခိုက်မှု တစ်စုံတစ်ရာ မရှိသည့်အပြင် မျက်ကြည်လွှာ၊ မျက်စိအတွင်းမှန်ဘီလူးနှင့် အလွန်နုနယ်သည့် မျက်စိအတွင်းရှိ အစိတ်အပိုင်းလေးများကို နဂိုအနေအထားအတိုင်း ပြောင်းလဲမှု၊ ထိခိုက်မှုမရှိစေဘဲ အမြင်ဓာတ် ရရှိအောင် ပြုလုပ်ပေးနိုင်စွမ်းရှိကြောင်း သိရသည်။



လူ့မျက်လုံးကို အနီးကပ်တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခွဲစိတ်ကုသမှု

လေဆာရောင်ခြည်ဖြင့် မျက်စိအမြင်ကြည်လင်စေအောင် ခွဲစိတ်ခြင်းသည် အချိန်တစ်နာရီခန့်သာကြာမည်ဖြစ်ပြီး အောင်မြင်မှုရာခိုင်နှုန်းမှာလည်း ပိုမိုများပြားကြောင်း၊ လေဆာရောင်ခြည်ဖြင့် ခွဲစိတ်ကုသခြင်းသည် ဘေးထွက်ဆိုးကျိုး တစ်စုံတစ်ရာလည်း မရှိနိုင်ကြောင်း လန်ဒန်မြို့ရှိ မျက်စိ ခွဲစိတ်ကုသမှုဆိုင်ရာ သုတေသန ပညာရှင်တစ်စုက ပြောကြားသည်။

လေဆာရောင်ခြည်ဖြင့် ခွဲစိတ်ကုသခံယူပြီးပါက ဓားဖြင့် ခွဲစိတ်ထားသော မျက်စိကဲ့သို့ မျက်မှန်တပ်စရာမလိုသည့်အပြင် ရာသီဥတုပြောင်းလဲမှုကိုလိုက်၍ မျက်မှန် အမျိုးအစား ပြောင်းလဲတပ်ဆင်မှုကိုလည်း လုပ်ဆောင်ခြင်းမပြုရသည့် အားသာချက်ရှိသည်။

ဖော်ပြ

ထို့အပြင် လေဆာရောင်ခြည် အသုံးပြုခွဲစိတ်ခြင်းသည် မျက်ကြည်လွှာ ထိခိုက်မှုကို အနည်းဆုံးဖြစ်ပေါ်စေကြောင်း တွေ့ရှိရသည်ဟု သုတေသနပြုချက်၌ ဖော်ပြထားသည်။

(အင်တာနက်)

ကမ္ဘာ့နိုင်ငံများ၏ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ ဧပြီ ၁၉

တစ်ကမ္ဘာလုံးတွင် သတင်းပြန်ကြားရေးနှင့်ဆက်သွယ်ရေး နည်းပညာရပ်(အိုင်စီတီ)ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု စတင်ဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဧပြီ ၁၇ရက်၌ တိုက်တွန်းပြောကြားလိုက်သည်။

ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များ အပါအဝင် ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များအောင်မြင်မှုရရှိရန် နိုင်ငံတကာကပူးပေါင်း ဆောင်ရွက်မှုများ သဘောတူညီမှုရရှိခဲ့လျှင် ထိုသို့သဘောတူညီမှုရရှိခြင်းသည် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အတွက် အထောက်အကူပြုစေသည့် အချက်ပင်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ၎င်းကပြောကြားသည်။

လိုအပ်

တစ်ကမ္ဘာလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး နည်းပညာရပ်များ၏ အခန်းကဏ္ဍဖွံ့ဖြိုးရေးသည် အရေးကြီးကြောင်း၊ ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် မူဘောင်များအတွင်းမှနေ၍ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ အိုင်စီတီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရေးကို ကိုဖီအာနန်က ထောက်ခံခဲ့ကြောင်း ပြောကြားသည်။

(အင်တာနက်)



တရားမဝင် မှောင်ခိုကူးခံရသော လူဝံတစ်ကောင်အား ပြန်လည်သိမ်းဆည်းရမိပြီးနောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ဧပြီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗင်နီဇွဲလား၌ ယာဉ်တိုက်မှုဖြစ်ပွား

ကရာကတ် ဧပြီ ၁၉

ဗင်နီဇွဲလားနိုင်ငံ၌ အားလပ်ရက်အကြိုတွင် ယာဉ်မတော်တဆမှုကြောင့် လူ ၄၆ ဦးသေဆုံးခဲ့ရသောဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့ကြောင်း ဗင်နီဇွဲလားပြည်သူ့ကာကွယ်ရေးရုံးက ဧပြီ ၁၂ ရက်၌ ပြောကြားသည်။

အဆိုပါ ယာဉ် မတော်တဆမှု အရေအတွက်သည် အားလပ်ရက်မတိုင်မီ ၁၆၄၆ မှုဖြစ်ပွားခဲ့ကြောင်း၊ အားလပ်ရက်မှာ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိဖြစ်ကြောင်း၊ ယင်းမှာ ယမန်နှစ်က အမှုပေါင်း ၁၄၈၉မှု ရှိရာမှ မြင့်တက်လာခြင်းပင်ဖြစ်ကြောင်း ပြည်သူ့ကာကွယ်ရေးရုံး အကြီးအကဲ ဗိုလ်မှူးကြီးအန်တိုနီယိုရီဗာတိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ချန်ဒီဂါမြို့၌ ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် ပထမရရှိခဲ့သော အလှမယ်တစ်ဦးအား ဧပြီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုကာကွယ်ရန် ဟောင်ကောင်၌ ကြွပ်ကြွပ်အိတ် မသုံးစွဲရေးနေ့ကျင်းပ

ဟောင်ကောင် ဧပြီ ၁၉

ဟောင်ကောင်၌ စူပါမားကက်ကြီးများတွင် ကြွပ်ကြွပ်အိတ်များ အသုံးပြု၍ ဈေးဝယ်သူရာခိုင်နှုန်း ၉၀အထိ မြင့်တက်လာခဲ့ရာ ဟောင်ကောင်က ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း ဆောက်သ်ချိုင်းနားမောနင်းပို့စ်က ဧပြီ ၁၆ ရက်က ဖော်ပြသည်။

ကိုးကားဖော်ပြ

ယင်းကဲ့သို့ ကြွပ်ကြွပ်အိတ် မသုံးစွဲရေးနေ့အဖြစ် ဆောင်ရွက်ခဲ့ခြင်းကို စတိုးဆိုင် ၁၂၀၀ ကျော် ပါဝင်ကြောင်း အစိမ်းရောင်ကောင်စီဥက္ကဋ္ဌ အင်ဂတ်စ်ဟို ဟွန်ဝေ၏ ပြောကြားချက်ကို အဆိုပါ အင်္ဂလိပ်နေ့စဉ်သတင်းစာက ကိုးကားဖော်ပြသည်။

ကာကွယ်ရန်

ဟောင်ကောင်ရှိအသက်(၈၀)အရွယ် အဘွားများမှစပြီး နေအိမ်အဝယ်တော်များဖြစ်သည့် မြို့သူမြို့သားအားလုံး မိမိတို့၏ ကိုယ်ပိုင်အိတ်များယူဆောင်လာကာ ဈေးဝယ်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။ ဟောင်ကောင်ရှိ ဈေးဆိုင်များနှင့် စူပါမားကက် ၁၀၀၀ကျော်က ဧပြီ ၁၅ရက်တွင် ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနေ့အဖြစ် ဆောင်ရွက်ခဲ့ကာ ကိုယ်ပိုင်အိတ်များယူဆောင်လာ၍ ဈေးဝယ်ခဲ့ကြကြောင်း၊ ယင်းမှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်ရန်ဖြစ်ကြောင်း သိရသည်။

အမှိုက်သရိုက်

ဟောင်ကောင်၌ နေ့စဉ်ကြွပ်ကြွပ်အိတ်ပေါင်း ၃၃သန်း စုပြုံနေကြောင်း၊ ယင်းမှာ အမှိုက်သရိုက် တန်ချိန် ၁၇၅၀၀၏ ခြောက်ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင် ငံ တ ကာ သ တင်း များ

အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကြောင့် အီရတ်ပြည်သူ ၆၅၀၀၀ခန့် နေအိမ်များမှထွက်ပြေးရ

ဘဂ္ဂဒက် ဧပြီ ၁၉

အီရတ်နိုင်ငံ၌ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကြောင့် အနည်းဆုံး အီရတ်ပြည်သူ ၆၅၀၀၀ ခန့် ယင်းတို့၏ နေအိမ်များကိုစွန့်ခွာထွက်ပြေးကြရကြောင်း အီရတ်အစိုးရ၏ လေ့လာချက်စာရင်းဇယားများတွင် ဖော်ပြထားသည်။

အဆိုပါအရေအတွက်မှာ ခန့်မှန်းသည်ထက် တိုးလာခြင်းဖြစ်သည်။ လွန်ခဲ့သော နှစ်ပတ်က နှစ်ဆ တိုးလာကြောင်းလည်း အဆိုပါလေ့လာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၌ ရှီးအိုက်နှင့် ဆွန်နီတို့အပေါ် တင်းမာမှုများကြောင့် လူရာပေါင်းများစွာ သေဆုံးလျက်ရှိသည်။ အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုများကြောင့် အီရတ် ပြည်သူများ နေအိမ်များကိုစွန့်ခွာ ထွက်ပြေးနေကြရကြောင်း အဆိုပါ စာရင်းဇယားများက ဖော်ပြသည်။

ခြိမ်းခြောက်ခဲ့

အချို့ ခြိမ်းခြောက်မှုများကို မိုဘိုင်းလ်ဖုန်းဖြင့် ခြိမ်းခြောက်ခဲ့သည်။ အချို့သောသူများသည် စာဖြင့်လည်းကောင်း၊ မိုဘိုင်းလ်ဖုန်းကင်မရာဖြင့်လည်းကောင်း ခြိမ်းခြောက်ခံနေရသည်ဟု ဆိုသည်။

စွန့်ခွာထွက်ပြေး

အီရတ် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ပြောကြားရာတွင် အီရတ်မိသားစု ၁၁၀၀၀ ခန့်နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြောင်း၊ ယင်းအရေအတွက်မှာ မိသားစုဝင် ၆၅၀၀၀နှင့် ညီမျှမှုရှိကြောင်း ပြောကြားသည်။

ပြောင်းရွှေ့

အများစုမှာ ဘဂ္ဂဒက်မြို့ဝန်းကျင်၌ ဖြစ်ပွားနေကြောင်း၊ ယင်းမှ ပြည်သူများ ၎င်းတို့၏ ဆွေမျိုးများနှင့် မိတ်ဆွေများထံသို့ ပြောင်းရွှေ့သွားမှုများလည်းရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ထွက်ပြေးကြသည့် အီရတ် ပြည်သူများအား လခြမ်းနီအဖွဲ့က ထောက်ပံ့မှုများပေးထားရာ အစား အစာများ၊ ရေနှင့် စောင်များကို မိသားစု ၅၀၀၀ သို့ ကူညီထောက်ပံ့ပေးနေကြောင်း သိရသည်။

(အင်တာနက်)

မွေးကင်းစကလေးငယ်၏အသက် ကြောင်တစ်ကောင်က ကယ်တင်ပေးနိုင်ခဲ့

ကလေးငယ်၏အသက်ကိုကယ်တင်ခဲ့သောကြောင်

ဘာလင် ဧပြီ ၁၉

ဂျာမနီနိုင်ငံ စချာပရိုဒီအရပ်ဒေသ၌ ကြောင်တစ်ကောင်သည် နေအိမ်တစ်အိမ်၏ တံခါးဝတွင် စွန့်ပစ်ထားသော မွေးကင်းစကလေးငယ်တစ်ဦး၏ အသက်ကို ကယ်တင်နိုင်လိုက်ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ဧပြီ ၁၆ရက်၌ ပြောကြားသည်။

အဆိုပါကြောင်သည် သူ့ရဲကောင်းပင်ဖြစ်ကြောင်း၊ ၎င်းကြောင်သည် ညသန်းခေါင်ယံတွင် အိမ်ရှင်နိုးလာသည့် တိုင်အောင် ယင်းစွန့်ပစ်ကလေးငယ်၏ အနီးတွင် အသံကို ကျယ်လောင်စွာအော်ဟစ်ခဲ့ကြောင်း၊ ကလေးငယ်မှာ လုံးဝ ကိုယ်ပူရှိန်ကျဆင်းကာ သေဆုံးတော့မည့် အနေအထားတွင်ရှိကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရ ပုဂ္ဂိုလ်ဦးဝီဘီရာက ပြောကြားသည်။

အိမ်ရှင်က ကြောင်၏စူးရှစွာအော်သံကြောင့် တံခါးကိုဖွင့်လှစ်လိုက်ရာ မွေးကင်းစကလေးငယ်နှင့်ကြောင်ကို တွေ့ရသည်ဟု ဆိုသည်။ အဆိုပါ ကလေးငယ်အား ကြာသပတေးနေ့က ဆေးရုံတင်ပို့လိုက်ကြောင်း၊ ထိုအချိန်က ယင်းဒေသရှိ အပူချိန်မှာ သုညဒီဂရီအထိ ရောက်ရှိနေကြောင်း ၎င်းရဲအရာရှိက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မက္ကဆီကိုနိုင်ငံ အရှေ့ပိုင်းရှိ တောင်ပေါ်လမ်းတွင် ဘတ်စ်ကားတစ်စီး လမ်းချော်၍ လျှိုအတွင်းသို့ ထိုးကျသည့်နေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဧပြီ၁၇ရက်က တွေ့ရစဉ်။ (ယင်းသို့ဖြစ်ပွားမှုကြောင့် အနည်းဆုံး လူ ၆၃ဦး သေဆုံးခဲ့ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးတင်ပို့မှု နှစ်နှစ်အတွင်း နှစ်ဆတိုးတက်လာခဲ့

ဒါကာ ဧပြီ ၁၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးများတင်ပို့ရောင်းချမှုသည် လက်ရှိဘဏ္ဍာရေးနှစ် (၂၀၀၅ခုနှစ်မှ ၂၀၀၆ ဇွန်လအထိ) ဇူလိုင်လမှ ဖေဖော်ဝါရီလအတွင်း ၁၁ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ယင်းမှာ လွန်ခဲ့သော နှစ်နှစ်အတွင်း နှစ်ဆ တိုးလာခြင်းဖြစ်ကြောင်း စတားနေ့စဉ်သတင်းစာက ဧပြီ ၁၇ရက်၌ ဖော်ပြသည်။

ဖော်ပြ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးတင်ပို့မှုသည် အဆိုပါဘဏ္ဍာရေးနှစ်၏ ပထမရှစ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ၁၅ဒသမ၇၂သန်းဖိုးအထိ မြင့်တက်လာကြောင်း၊ ယမန်နှစ်အလားတူကာလက အမေရိကန်ဒေါ်လာ ၁၄ဒသမ ၂၁သန်းအထိသာရှိခဲ့ကြောင်း ပို့ကုန်မြှင့်တင်ရေး ဗျူရိုစာရင်းဇယားများတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆေးဝါးထုတ်ကုန်များ အခြားသော နိုင်ငံများသို့တင်ပို့ခဲ့ရာ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁ဒသမ၂၆သန်းရရှိခဲ့ပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ဒသမ ၆၉သန်းရရှိခဲ့ကာ ၂၀၀၂-၂၀၀၃ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၉ဒသမ ၀၅သန်းရရှိခဲ့ကြောင်း အဆိုပါ စာရင်းဇယားများ၌ ဖော်ပြသည်။

တင်ပို့ရောင်းချ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရှူဆေး၊ အမျိုးသမီးသုံးပစ္စည်းများ၊ ရေမွှေးနှင့် ဆေးဝါးများကို နိုင်ငံပေါင်း ၆၂နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နိုင်ငံတကာနှင့်ဆက်သွယ်လုပ်ကိုင်နေသော ဆေးဝါးကုမ္ပဏီအသေးစား၊ အလတ်စားနှင့် အကြီးစား ၂၀၀ကျော်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး စွန်

၁၀နှစ်ကျော်ကြာ ပြုလုပ်ခဲ့ရသည့် ကမ္ဘာ့အကြီးဆုံး စွန်ကို စွန်လွှတ်ပွဲတော်တွင် လွှတ်တင်နေစဉ်။

(ယာပုံ)

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီပြည်နယ် စီအန်မြို့တွင် စစ်သည်ရဲမက်များ၏ ပုံများဖြင့် ဆင်မြန်းထားသော အရှည် မီတာ၄၀၊ အကျယ် ၁ဒသမ ၅မီတာရှိသော စွန်ကြီးကို ကျန်တိုင်ဝေဆိုသူသည် ၁၀နှစ် ကျော်ကြာ ပြုလုပ်ခဲ့ရသည်။ ယင်းစွန်ကြီးသည် စွန်လွှတ်ပွဲတော်တွင် အကြီးဆုံးစွန်ကြီးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

(အင်တာနက်)

ဝက်အိုလံပစ် ဘောလုံးပြိုင်ပွဲ

ဝက်ငယ်လေးများပါဝင်ဆင်နွှဲနေသည့် ဘောလုံးပြိုင်ပွဲ တစ်ရပ်ကို တွေ့ရစဉ်။

(ယာပုံ)

ရုရှားနိုင်ငံ၏ မော်စကိုမြို့၌ ဧပြီ ၁၆ရက်က ကျင်းပသည့် ဝက် အိုလံပစ် ဘောလုံးပြိုင်ပွဲတွင် နိုင်ငံခုနစ်နိုင်ငံမှ ဝက် ဘောလုံးအသင်း ခုနစ်သင်းပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ ဝက်များအနေဖြင့် ၎င်းတို့၏ နှုတ်သီးများဖြင့် ဘောလုံးကို ထိန်းသိမ်းကစားကြရကြောင်း သိရသည်။

(အင်တာနက်)



အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဘာလီကျွန်းသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း ဥဘုတ်၌ ဧပြီ ၁၉ရက်မှ ၂၀ရက်အထိကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ရန်ကုန်မြို့မှ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်ဇော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထူးတို့ ပါဝင် တက်ရောက်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပျဉ်းမနား ဘိုးဘွားရိပ်သာ ဘိုးဘွားများအား ကုသိုလ်ကောင်းမှုပြုခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၊ ပျဉ်းမနားမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၁၃၆၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဘိုးဘွားများအတွက် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းအခမ်းအနားကို ဧပြီ၁၇ ရက် နံနက်၉နာရီတွင် ပျဉ်းမနား ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အဘိုးအဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်း၊ လက်သည်းများလှီးဖြတ်ပေးခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါ်ခင်အေးက ဘိုးဘွားများအတွက် အလှူငွေများကိုလည်းကောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဘိုးဘွားများအတွက် ဆေးဝါးများကိုလည်းကောင်း၊ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဆေးဝါးနှင့်ပစ္စည်းများကိုလည်းကောင်း၊ တစ်ဦးချင်းအလှူရှင်ခြောက်ဦးတို့က တစ်နေ့တာအာဟာရစရိတ်အတွက် အလှူငွေများကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

အားပေးစကားပြော

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးက ဘိုးဘွားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့သည်။ ဘိုးဘွားများအတွက် ယနေ့လှူဒါန်းငွေနှင့် ဆေးဝါးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၄၀၀၀ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)က ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ပြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ရွှေသံလွင်ဘိုးဘွားရိပ်သာ သက်ကြီးပူဇော်ပွဲကျင်းပစဉ်။ (က-ပ)

အရိယာဓမ္မာရုံ မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၉

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း၏ စတုတ္ထအကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကို မိုးကောင်းကျောင်းတိုက်နှင့်နိမိတ္တာရုံကျောင်းတိုက်မှ သံဃာတော်၁၂ပါးတို့က ဧပြီ ၂၁ ရက်မှ ၂၆ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဆို ပူဇော်မည်ဖြစ်ရာ ယောဂီများနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့သည် မိမိတို့စေတနာအရ လှူဖွယ်ဝတ္ထုများကို ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တန်ဖိုးနည်းကွန်ပျူတာများ အိန္ဒိယထုတ်လုပ်မည်

အိန္ဒိယအနောက်ပိုင်းရှိ နည်းပညာကုမ္ပဏီများသည် စျေးနှုန်းသက်သာသော နည်းပညာထုတ်ကုန်များထုတ်လုပ်ရန် စဉ်းစားနေကြောင်း အိန္ဒိယ ထိပ်တန်းသုတေသီတစ်ဦးက ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံက စျေးနှုန်းချိုသာသော နည်းပညာထုတ်ကုန်များထုတ်လုပ်ရန် လိုလားနေကြောင်း ဟူးလက်ပက်ကတ်၌ ကုမ္ပဏီအကြီးအကဲ အရေးဂူပတားက ပြောကြားသည်။

အထူးကွန်ပျူတာ

အဆိုပါကုမ္ပဏီအကြီးအကဲသည် ယူကေရှိ ကွန်ပျူတာဌာနချုပ်သို့ သွားရောက်စဉ်အတွင်း အိန္ဒိယနိုင်ငံအတွက် စျေးနှုန်းချိုသာသောနည်းပညာ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပေးရန် ကုမ္ပဏီများအား တိုက်တွန်းလိုက်သည်။ မစ္စတာဂူပတားသွားရောက်ပြီး နှစ်ပတ်အကြာချစ်ပြားထုတ်လုပ်သည့် အင်တဲလ်ကုမ္ပဏီက အိန္ဒိယစျေးကွက်အတွက် အထူးကွန်ပျူတာများထုတ်လုပ်ပေးရန် ကြေညာလိုက်သည်။

အင်တဲလ်ကုမ္ပဏီသည် အိန္ဒိယနိုင်ငံနည်းပညာတိုးတက်ရေးအတွက် ကူညီပေးလျက်ရှိကြောင်းသိရသည်။ ၎င်းကုမ္ပဏီက ဆော့ဖ်ဝဲလ်များ၊ အင်တာနက် ချိတ်ဆက်လုပ်ငန်းများ၊ ကြိုးမဲ့မိုလ်ဘိုင်းဖုန်းတပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ အင်တဲလ်သည် အိန္ဒိယနိုင်ငံတွင် ဒေါ်လာ၄၀၀ခန့်သာကုန်ကျသည့်ကွန်ပျူတာများ ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း၊ ယင်းမှာ ကျေးလက်နေပြည်သူများအထိ အသုံးပြုနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။ (ကိုးကား-အင်တာနက်)

ချင်း(ဂျင်း)စားသုံးခြင်းဖြင့် ကင်ဆာကာကွယ်နိုင်

ချင်းစားသုံးခြင်းသည် သားအိမ်ကင်ဆာတိုက်ဖျက်ရာတွင် အထောက်အကူပေးနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်ဟု ဆိုသည်။

ကြေညာ

ချင်းသည် ကင်ဆာဆဲလ်များကို သေစေနိုင်ကြောင်း မီချီဂန်တက္ကသိုလ်မှ သုတေသီများက အမေရိကန်ကင်ဆာသုတေသနအသင်း၌ ကြေညာလိုက်သည်။

ချင်းကို ဟင်းခပ်အမွှေးအကြိုင်အဖြစ်ထည့်စားရာမှ ကင်ဆာဝေဒနာရှင်များ ကင်ဆာဆဲလ်များဖြစ်ပွားမှုလျော့နည်းလာသည်ကိုတွေ့ရကြောင်း အဆိုပါလေ့လာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် ချင်းသည် ဆေးဝါးအသစ်တစ်ခု၏အခြေခံဖြစ်နိုင်ကြောင်း ယူကေ ကင်ဆာကျွမ်းကျင်သူများက ပြောကြားသည်။

ချင်းသည် အော့အန်ခြင်းကို သက်သာပျောက်ကင်းသည်ဟုလူသိများကြပြီး ရောင်ရမ်းခြင်းကိုလည်း သက်သာစေနိုင်ကြောင်းသိရသည်။ သို့ရာတွင် အဆိုပါအမေရိကန် ကင်ဆာ သုတေသနအဖွဲ့က ကင်ဆာဝေဒနာရှင်များအတွက် ချင်းသည် အသုံးဝင်သော ကင်ဆာဆေးတစ်လက် ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကာကွယ်နိုင်

ချင်းမှုန့်များကိုရေဖြင့်ဖျော်သောက်ခြင်းဖြင့်သားအိမ်ကင်ဆာကို ကာကွယ်ပေးနိုင်ကြောင်းလည်းအဆိုပါသုတေသီများကပြောကြားသည်။ယင်းကဲ့သို့ချင်းမှုန့်များကိုရေဖြင့်ဖျော်သောက်ခြင်းဖြင့် ကင်ဆာဆဲလ်များကို သေစေနိုင်သည်ဟု ဆိုသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ကင်ဆာရောဂါကာကွယ်နိုင်သည့် ချင်းတက်များ

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်ဖွဲ့ဝင် ပျောက်ဆုံးနေရာမှ ယူကရိန်း၌ပြန်တွေ့

ဒုတိယကမ္ဘာစစ်အတွင်းက ပျောက်ဆုံးနေခဲ့သော ဂျပန်တပ်ဖွဲ့ဝင်တစ်ဦးကို ယူကရိန်း၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ ၎င်းသည် ၂၀၀၀ပြည့်နှစ်က သေဆုံးသွားပြီဟု တရားဝင်ကြေညာထားခဲ့ရာ ယူကရိန်းတွင် အသက်မသေဘဲ ကျန်ရှိနေခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အီရှိနိုဆူကီအူဝါနိုဆိုသူသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်တွင် ရုရှားနိုင်ငံ ဆာဟာလင်းရှိ ဂျပန်ဘုရင့်ကြည်းတပ်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦး ဖြစ်သည်။ ၎င်းကို ၁၉၅၈ခုနှစ်က အဆိုပါဒေသ၌ တွေ့ရှိခဲ့ကြောင်း နောက်ဆုံးသတင်းအဖြစ်ဖော်ပြခဲ့သည်။

အသက်၈၃နှစ်အရွယ်ရှိပြီဖြစ်သော အဆိုပါဂျပန်စစ်ပြန်ကြီး **(အပေါ်ပုံ)** သည် ယခုအခါ ယူကရိန်း၌ပြန်ပေါ်လာခဲ့ကြောင်း၊ ယူကရိန်းတွင် အိမ်ထောင်ကျခဲ့ပြီး မိသားစုလည်းရှိကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

မစ္စတာအူဝါနိုသည် အနှစ်၆၀အတွင်း ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ဧပြီ၁၉ရက်က လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ ၎င်းသည် တိုကျိုမြို့ အရှေ့မြောက်ဘက်အီဝိတ်ရှိ မိတ်ဆွေအပေါင်းအသင်းများနှင့် မိသားစုဝင်များထံ သွားရောက်လည်ပတ်ကာ ဧပြီ၂၈ရက်၌ ယူကရိန်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ မော်လမြိုင်ဘူတာမှ ပထမဦးဆုံး စတင်ထွက်ခွာသည့် အမှတ်(၉၀)အစုန် မော်လမြိုင်-ရန်ကုန်အမြန်ရထားဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဖြစ်ကြောင်း၊ တစ်ချိန်တစ်ခါက မော်တော်ကားလမ်းဖြင့် သွားရန်လာရန် အိပ်မက်ပင် မမက်ရဲသည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတို့တွင် ယနေ့ဆိုလျှင် ကားလမ်းကြောင်းသစ်များ ခိုင်ခိုင်မာမာ ပေါ်ထွက်နေသဖြင့် လေကြောင်းလမ်း၊ ရေကြောင်းလမ်းဖြင့်သာမက မော်တော်ကားဖြင့်ပါ ဥဒဟိုသွား၍ လာ၍ ရနေပြီဖြစ်ကြောင်း။ မြစ်များ၊ ချောင်းများကို တံတားဆင်ပြီး ကျော်လွှားနိုင်ပြီဖြစ်သည့်အတွက် ပြည်ထောင်စုတစ်ခုလုံး၏ ရေကြော၊ မြေကြောများသည် တစ်ဆက်တည်းကဲ့သို့ ဖြစ်ပေါ်နေပြီး တိုင်းရင်းသားအားလုံး၏ ချစ်ခင်ရင်းနှီးမှုများသည်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်နေပြီဖြစ်ကြောင်း။

အလားတူပင် မြေပြန့်ဒေသတွင်သာမက ကုန်းမြင့်ဒေသဖြစ်သည့် ရှမ်းပြည်နယ်တွင်လည်း အောင်ပန်း-လွိုင်ကော်မီးရထားလမ်း၊ ရွှေညောင်-တောင်ကြီး-နမ့်စန်-မိုးနဲ မီးရထားလမ်းစသည့် ရထားလမ်းသစ်များကို မြေပြင်အခြေအနေ အလွန်ခက်ခဲသည့်အကြားမှ တိုးချဲ့ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်ပြည်သူများအတွက် ရင်းနှီးထူထောင်ထားသည့် အခြေခံကောင်းများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြု

မွန်ပြည်နယ်အတွင်း၌လည်း အတ္ထရံတံတား၊ ဂျိုင်းတံတား(ဇာသပြင်)၊ ရေးတံတား၊ ဒုံသမိတံတားများ တည်ဆောက်ထားပြီးဖြစ်သည့်အတွက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အကြား၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းအကြား ကူးသန်းသွားလာ ဆက်သွယ်မှုများသည် လွယ်ကူမြန်ဆန် ချောမွေ့နေသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံထူထောင်ပေး

နိုင်ငံတော်တစ်ဝန်းတွင် တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက်သွား၍ လာ၍ရသည့် ကားလမ်းကွန်ရက်စနစ် တည်ဆောက်ခဲ့သကဲ့သို့ ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စခန်းများ၊ စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များကိုလည်း ရင်းနှီးမြှုပ်နှံ ထူထောင်ပေးနေကြောင်း။

ထို့အတူ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ဒေသအလိုက် ပညာသင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းပိုမိုရရှိစေရန်အတွက် လိုအပ်သည့် တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံကျောင်းများကိုတည်ဆောက်ပေးနေသကဲ့သို့ ပြည်သူများအပေါ် ကျန်းမာရေးပြုစုစောင့်ရှောက်မှု ပိုမိုပြုနိုင်ရန်အတွက် ဆေးရုံများ၊ ဆေးပေးခန်းများကိုလည်း အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ခြင်းတို့ကိုပါ ပြုလုပ်ပေးနေကြောင်း အထူးသဖြင့် နိုင်ငံတော်၏ အချက်အချာဒေသများကို ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့သတ်မှတ်ပြီး ဒေသအလိုက် ပညာရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်မှုများကို ပြုလုပ်နေလျက်ရှိကြောင်း။

တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်လပ်မကျန်ရအောင် ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း။

ကြိုးပမ်းထူထောင်နေ

ဤသို့ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံများကို ထူထောင်ရာတွင် နိုင်ငံတော်အစိုးရသည် ကိုယ့်ခွန်ကိုယ့်အားကို အရင်းပြုပြီး ပြည်သူများ၏ပူးပေါင်းပါဝင်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ တီထွင်ကြံဆ ကြိုးပမ်း အားထုတ်မှုများကို အခြေခံကာ ခေတ်မီနိုင်ငံတော်ကြီး ဖြစ်လာစေရန်အတွက် ကြိုးပမ်းထူထောင်နေခြင်းဖြစ်ကြောင်း၊ ခြုံလိုက်လျှင် ပြည်သူများ ဝင်ငွေတိုးအောင်၊ နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိအောင်၊ နိုင်ငံသားအားလုံး ပညာရည်အဆင့်အတန်းမြင့်မားအောင်၊ ကျန်းမာအသက်ရှည်အောင်၊ လူ့ဘဝ သက်တမ်းစေ့နေနိုင်အောင်၊ ပြည်သူများ အေးချမ်းသာယာသည့် ဘဝလုံခြုံမှုရရှိအောင် ဘက်စုံထောင့်စုံမှ စဉ်းစားကြံဆပြီး နိုင်ငံတော်အစိုးရသည် ပြည်သူနှင့် တပ်မတော်၏ အားကိုရယူပြီး မနားမနေ ကြိုးပမ်းဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

ဤသို့ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် မွန်ပြည်နယ်ကို ကြည့်မည်ဆိုလျှင် တက္ကသိုလ်၊ကောလိပ်များ ခေတ်မီဆေးရုံကြီးများနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည် ယခင့်ယခင်ကာလများနှင့် များစွာကွာခြားပြီး တိုးတက်ခေတ်မီလျက်ရှိနေကြောင်း၊ ထို့အပြင် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ကူး၊ချောင်းကူးတံတားများနှင့်အတူ လယ်ယာကဏ္ဍဖွံ့ဖြိုးမှု၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမှုတို့သည်လည်း သိသိသာသာ မြင်သာထင်သာ တိုးတက်ပြီး အသီးအပွင့်များ ခံစားရနေပြီဖြစ်ကြောင်း၊ အလားတူ ပြည်နယ်၏ စက်မှုကဏ္ဍနှင့် သားငါးကဏ္ဍသည်လည်း ဖွံ့ဖြိုးမှုလမ်းကြောင်းအပေါ် ရောက်နေပြီဟု ပြောလို့ရနေပြီဖြစ်ကြောင်း၊ ဒေသ၏ အေးချမ်းတည်ငြိမ်မှုဆိုလျှင် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေပြီဖြစ်ကြောင်း၊ ဤရေခံ၊ မြေခံကောင်းများကို မိမိတို့ ထိထိရောက်ရောက် အသုံးချပြီး ဖိဖိစီးစီးကြိုးစားကြမည်ဆိုလျှင် မွန်ပြည်နယ်သည် မကြာမီနိုင်ငံတော်အတွက် စီးပွားရေးအရ အားထားရသည့် ပြည်နယ်တစ်ခုဖြစ်လာမှာ အသေအချာဖြစ်သည်ဟု အသိပေးလိုကြောင်း။

ကြိုးကြိုးစားစားလုပ်ကိုင်

အရေးကြီးဆုံးမှာ ဒေသတွင်း ပြည်သူများသည် မိမိတို့၏လုပ်ငန်းဆောင်တာများကို ဥပဒေနှင့်အညီ ဖိဖိစီးစီး ကြိုးကြိုးစားစားလုပ်ကိုင်ကြရန်၊ ဒေသအတွင်းတွင် တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြရန်နှင့် ရပ်ရွာဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးကို အထောက်အကူပေးကြရန် အထူးလိုအပ်သည်ဟု ပြောကြားလိုကြောင်း၊ ဤသည်မှာ အခြေခံအားဖြင့် လိုအပ်သည့် အုတ်မြစ်ကောင်း၊ အခြေခံကောင်းများပင် ဖြစ်ကြောင်း၊ ဤသို့ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို မိမိတို့အားလုံး ခိုင်မာအောင်ဆောင်ရွက်နိုင်ပါမှ အနာဂတ်အလားအလာသည် ပို၍ပို၍ သာယာဝပြော တောက်ပလာမည်ဖြစ်ကြောင်း၊ တကယ်တော့ နိုင်ငံကိုချစ်မြတ်နိုးသည့်သူတိုင်း၊ မိမိရပ်ရွာဒေသကို တန်ဖိုးထားသူတိုင်း၊ မျိုးချစ်စိတ်ထားရှိသူတိုင်းသည် နိုင်ငံတော်၏ နယ်မြေဒေသအားလုံးကို တည်ငြိမ်အေးချမ်းစေချင်ပြီး ဖွံ့ဖြိုးတိုးတက်စေချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်ကြောင်း၊ ယနေ့ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို မလျော့ပါးစေဘဲ စဉ်ဆက်မပြတ် တိုးတက်နေအောင် ဆောင်ရွက်ရမည်မှာ မိမိတို့နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း၊ ဤသို့အခြေခံကောင်းနှင့် ပတ်ဝန်းကျင်အခြေအနေကောင်းများကို တည်ဆောက်ထူထောင်ရာတွင် နိုင်ငံတော်အစိုးရ တစ်ခုတည်းက တာဝန်ယူတည်ဆောက်ထူထောင်၍ မရနိုင်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအများသည် တက်ညီလက်ညီ နားလည်မှုရှိရှိ ပူးပေါင်းအကောင်အထည်ဖော်ကြမှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ရောက်မှာဖြစ်ကြောင်း။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် မိမိဒေသအကျိုးအတွက် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အချိန်နှင့်အမျှ တိုးတက်သည်ထက်တိုးတက်နေအောင်ဖော်ဆောင်နေကြရမှာ ဖြစ်သကဲ့သို့ နိုင်ငံတော်၏ မွန်မြတ်သောစေတနာကို တုံ့ပြန်ကျေးဇူးဆပ်သည့်အနေဖြင့် မိမိတို့၏ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို ကြိုးကြိုးစားစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ သို့မှသာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျိုးစီးပွားနှင့် အများ၏အကျိုးစီးပွားကို သဟဇာတမျှတအောင် ဖော်ဆောင်နိုင်သည့် စစ်မှန်သည့် ဒီမိုကရေစီ လူနေမှုစနစ်သည် ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာမှာ ဖြစ်ကြောင်း။

နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု၊ ပညာမတတ်မြောက်မှု၊ ရပ်ရွာဒေသမတည်မငြိမ်၊ မအေးချမ်းမှုများ ရှိနေမည်ဆိုလျှင် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်ရာတွင် အဟန့်အတား အနှောင့်အယှက်ဖြစ်စေပြီး အချိန်ကာလများလည်း ကြာညောင်းနေမှာ ဖြစ်ကြောင်း။

ပိုမိုခိုင်မာအောင်ထူထောင်

ထို့ကြောင့် နိဂုံးချုပ်အားဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် ရင်းနှီးထူထောင်ထားသည့် ယခုကဲ့သို့ တံတားကြီးများ၊ စက်ရုံအလုပ်ရုံများ၊ ဆည်မြောင်းတာတမံများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများစသည့် အခြေခံကောင်းများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုကြရန်၊ ရေရှည် တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်ထိန်းသိမ်းကြရန်၊ တပ်မတော်နှင့် ပူးပေါင်းကာ အဖျက်သမားများရန်မှ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်တွန်းလှန်ကြရန်အတွက် တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ် ဆိုသည့် နိုင်ငံချစ်သည့်စိတ်နှင့် စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအောင် ကြိုးပမ်းထူထောင်ကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အထူးအရေးပါ

ထို့နောက် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာ၌ ယနေ့ မြန်မာနှစ်သစ်ရက်မြတ်တွင် မြန်မာနိုင်ငံ၌ အရှည်ဆုံး၊ ခေတ်အမီဆုံးဖြစ်သည့် သံလွင်မြစ်ကူးတံတား(မော်လမြိုင်)မီးရထားချဉ်းကပ်တံတားကြီးနှင့် အတူ ခေတ်မီမော်လမြိုင်ဘူတာရုံကြီးကို အောင်မြင်စွာတည်ဆောက်ပြီးစီးပြီး ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မြန်မာတစ်မျိုးသားလုံးအနေဖြင့် ဂုဏ်ယူဝင့်ကြွားစရာ နေ့တစ်နေ့ဖြစ်သကဲ့သို့ တံတားကြီးမွေးဖွားတည်ရှိရာ မွန်ပြည်နယ်နှင့် ဒေသခံပြည်သူများအတွက်ပါ ဂုဏ်ယူဝင့်ကြွားစရာ နေ့တစ်နေ့ဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယင်းသံလွင်တံတား(မော်လမြိုင်) သည် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားဖြစ်ပြီး မော်တော်ကားလမ်းအနေဖြင့် နှစ်မိုင်ကျော်၊ ရထားလမ်းအနေဖြင့် လေးမိုင်ကျော်ရှည်လျားပြီး လူသွားလမ်းပါ ထည့်သွင်း တည်ဆောက်ထားသည့် တံတားကြီးဖြစ်သည့်အတွက်ကြောင့်ပင်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးအတွက် အထူးအရေးပါသည့်တံတားကြီးတစ်စင်းလည်းဖြစ်ကြောင်း။

သံလွင်မြစ်ကူးတံတား(မော်လမြိုင်) ပင်မတံတားကြီးနှင့် မော်တော်ကား ချဉ်းကပ်လမ်းကြီးကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခမ်းနားကြီးကျယ်စွာ ဖွင့်လှစ်ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်တက်ရောက်ပြီး ပြည်သူလူထုအား နှုတ်ခွန်းဆက်ဂုဏ်ပြုအမှာစကား ချီးမြှင့်ခဲ့ကြောင်း။

အထူးပင်ကျေးဇူးတင်ရှိ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အစိုးရ၏ မွန်ပြည်နယ်အပေါ် ထားရှိသည့် စေတနာသဘောထားကို အလေးအနက် ဂုဏ်ပြုပြောကြားလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက-

"နိုင်ငံတော်အစိုးရအနေနဲ့ ဒီဒေသအတွက်၊ တိုင်းပြည်အတွက် မင်္ဂလာရှိပြီး အကျိုးပြုသည့် ဤတံတားကြီး တည်ဆောက်ပေးချင်သည်မှာ နှစ်ကာလကြာပြီဖြစ်ကြောင်း၊ သို့ရာတွင် အခက်အခဲများရှိနေသည့်အတွက် ချက်ချင်း အကောင်အထည် မဖော်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ငွေရေးကြေးရေး အခက်အခဲနှင့် အတတ်ပညာ အခက်အခဲတို့ကြောင့် အချိန်အခါကို စောင့်ဆိုင်းနေခဲ့ရကြောင်း၊ ယခုအခါ တိုင်းပြည်ရဲ့ စီးပွားရေးဟာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာသကဲ့သို့ အတတ်ပညာပိုင်းအနေနဲ့လည်း တိုးတက်လာပြီးဖြစ်တဲ့အတွက်ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုရေးဘဝ တိုးတက်မြင့်မားရေး၊ စိတ်ချမ်းသာစွာ သွားနိုင်၊ စားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရဟာ ဤတံတားကြီးကို တည်ဆောက် ပေးခဲ့ခြင်းဖြစ်ကြောင်း"

လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ဤကဲ့သို့ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရ၏ မွန်ပြည်နယ်အပေါ်ထားရှိသည့် စေတနာသဘောထားများကြောင့် မွန်ပြည်နယ် လူထုတစ်ရပ်လုံးအနေဖြင့် များစွာနှစ်ထောင်းအားရပြီး အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မွန်ပြည်နယ် လူထုကိုယ်စား ပြောကြားလိုကြောင်း။

ယင်းလမ်းညွှန်မှုများနှင့်အညီ သံလွင်တံတား(မော်လမြိုင်)အတွက် တည်ဆောက်ရန် ကျန်ရှိနေသေးသည့် မီးရထားတံတားနှင့် ခေတ်မီမော်လမြိုင်ဘူတာရုံကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ မြန်မာအင်ဂျင်နီယာများ၊ ကာယ၊ ဉာဏဝန်ထမ်းများသည် ပြင်းပြသောလုံ့လဝီရိယအားထုတ်မှုနှင့် ပင်ပင်ပန်းပန်း၊ ခက်ခက်ခဲခဲကြိုးစားအားထုတ်မှုများကြောင့် အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံးအနေဖြင့် အမျိုးသားရေးအရ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝင့်ကြွားရမည့် တံတားကြီးဖြစ်သကဲ့သို့ မွန်ပြည်နယ်နှင့်တကွ ပြည်ထောင်စုလမ်းတံတားမှတ်တိုင်သစ်တစ်ရပ်ကိုပါ စိုက်ထူနိုင်ခဲ့ပါကြောင်း ဂုဏ်ပြုပြောကြားလိုကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

သူဌေးရေအားလျှပ်စစ်စီမံကိန်းကို မဟာဓာတ်အားလိုင်းနှင့်ဆက်ပြီး ပြည်နယ်အတွင်းဖြန့်ဖြူးရန်ရည်ရွယ် ရေလှောင်တမံတည်ဆောက်ထိန်းသိမ်းသိုလှောင်ထားခြင်းဖြင့် ဒေသတွင်းရေကြီးမှုကိုကာကွယ်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား သူဌေးရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖြည့်စွက်လမ်းညွှန်မှာကြားပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် သံတွဲမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

လှည့်လည်ကြည့်ရှု

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၉နာရီတွင် ရဟတ်ယာဉ်များဖြင့် သံတွဲမြို့မှ တောင်ကုတ်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ တောင်ကုတ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တောင်ကုတ်တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက နိုင်ငံတော်တည်ဆောက်ရေး၊ တပ်တည်ဆောက်ရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်က အားကိုးအားထားပြုရသည့် တပ်မတော်ကောင်းဖြစ်အောင် ဆက်လက်အားထုတ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း တောင်ကုတ်တပ်နယ်ခန်းမ၌ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တည်ဆောက်သွားရန် လိုအပ်ပုံများ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်ကို အလေးအနက်ခံယူ၍ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပုံများကို ရှင်းလင်းမိန့်ကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

သူဌေးရေအားလျှပ်စစ်စီမံကိန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခွဲတွင် သံတွဲမြို့၏အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူဌေးချောင်းပေါ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၆) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် သူဌေးရေအား လျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းများအတွက် စူးစမ်းလေ့လာနေမှုများနှင့် ပင်မတမံတည်ဆောက်မည့် မြေနေရာရှာဖွေခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရေအားလျှပ်စစ်စီမံကိန်းများနှင့် ရေလှောင်တမံစီမံကိန်းများ ဆက်စပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

၂၀၀၅ခုနှစ် မြဝတီရောင်စုံဓာတ်ပုံနှင့်မြဝတီမဂ္ဂဇင်း၊ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် ဧပြီ ၁၉

၂၀၀၅ ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည်အကောင်းဆုံး စာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ကျော်ကျော်ဝင်း(မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)က ပထမဆု၊ မာလာဝင်း(မြစ်သာစည်)က ဒုတိယဆုနှင့် ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)က တတိယဆု အသီးသီးရရှိကြသည်။

၂၀၀၅ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို ကာတွန်းအောင်ကျော်က လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်သော်မော်၏ “မေတ္တာနိုင်ငံ”က လည်းကောင်း၊ အကောင်းဆုံး ဆောင်းပါးဆုကို မောင်နွယ်သန်း၏“ရှေးမြန်မာဘုရင်များလက်ထက် အလံဦးကင်းဝ မြို့ရွာများ”ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို သောင်းဝေဦး၏“လူသေသော်လည်း နာမည်မသေပါ”ကလည်းကောင်း၊ အကောင်းဆုံး ဝတ္ထုရှည်ဆုကို ရွှေသဥ္ဇာ၏ “ဖူးလက်တင်ချီ”ကလည်းကောင်း၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းကျော်ကျော်လွင်ကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်စောထွန်း (ကျောင်းကုန်း)၏ “ရွာကင်းတဲလေး”ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ဝင်းနွယ်(သစ်တော)၏ “ယောဒေသလူမျိုးဖြစ်စဉ်နှင့်မြန်မာ–ပျူယောအသံ”ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ခင်မိုးယံ၏“ကွန်းခိုရာ” က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆု ကို ယုဝတီခင်စိန်လှိုင်၏ “ငွေချည် မျှင်အဖုံး ရွှေစာလုံးနှင့်”ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲကို **ဧပြီ ၂၃ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မော်ဘီ** ၌ ကျင်းပမည်ဖြစ်သည်။ ဆုရရှိသူများသည် ဧပြီ ၂၂ရက် ညနေ ၆နာရီ နောက်ဆုံးထား၍ မြဝတီစာပေတိုက် အမှတ်၇၅(ခ) ပြည်လမ်း စော်ဘွားကြီးကုန်း ဖုန်း– ၆၄၂၂၀၃နှင့် မြဝတီစာပေတိုက်ရုံးခွဲ အမှတ်၁၈၊ ၃၂လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၈၂၆၇၄သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Business Talk(ဦးမျိုးမြတ်သူ၊ ဦးဌေးဝင်း၊ ဦးဘုန်းခိုင်ဝင်း)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၈း၀၅	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ဖန်ချက်စက်ရုံ (သန်လျင်)
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	မြန်မာ–ကိုရီးယား ချစ်ကြည်ရေးနှစ် (၃၀)ပြည့်အထိမ်းအမှတ် စင်တင်တေးဂီတဖျော်ဖြေပွဲ
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	ပိုက်ဆက်အတတ်ပညာ (အပိုင်း–၁)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ပန်းပုပလတ်စတာ
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	ခဲမဟုတ်တဲ့ ခဲတံ
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှုမူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်) ဆွေးနွေးခန်း
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	ခိုင်ခံ့ပေ့ါပါး ကြွေရည်သုတ် သံသပိတ်များ
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ချစ်စရာကျေးလက်ဓလေ့နှင့် မိရိုးဖလာအိုးလုပ်ငန်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ရင်သွေးငယ်များ ကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အိုင်စီတီဝန်ကြီးများအဆင့်ဆွေးနွေးပွဲတက်ရောက်ရန် အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးအောင်မြင့် ပီနန်သို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

မလေးရှားနိုင်ငံ ပီနန်မြို့တွင် ဧပြီ ၂၀ရက်မှ၂၁ရက်အထိ ကျင်းပမည့် အာဆီယံ–တရုတ် အိုင်စီတီဝန်ကြီးများအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အဖွဲ့ဝင် အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်သည် ယနေ့တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားသည်။

အဖွဲ့ဝင်

ဦးအောင်မြင့်နှင့်အတူ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်လင်းသည် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အား ၁၀၂မဂ္ဂါဝပ်

စီမံကိန်းအရ သူ့ဌေးချောင်း၌ အလျား ပေ ၁၇၄၀၊ အမြင့်ပေ ၂၈၀ရှိ ရေလှောင်တမံ တည်ဆောက်သွားရမည်ဖြစ်သည်။ ၃၄ မဂ္ဂါဝပ် စက်သုံးလုံး တပ်ဆင်၍ လျှပ်စစ်ဓာတ်အား ၁၀၂မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၂ရက်မှ ယနေ့အထိ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးသို့ လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်–ကျောက်ဖြူလမ်းမကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကာ ယနေ့ နံနက်ပိုင်းတွင် လေယာဉ်ဖြင့် သံတွဲမြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်ဖြူမြို့ နယ်မြေခံတပ်ရင်း သတိုးမဟာဗန္ဓုလခန်းမ၌ ကျောက်ဖြူတပ်နယ်အတွင်းရှိတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးတွဲတာဝန်ယူအကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၌ ဝန်ကြီးဌာနနှစ်ခုတို့မှ တာဝန်ရှိသူများသည် လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ လုပ်ငန်းတစ်ခုလုံး အချိန်မီပြီးစီးရေးတို့အတွက် နည်းပညာအရ အချိတ်အဆက်မိမိ ပေါင်းစပ်ညှိနှိုင်း ဆုံးဖြတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စီမံကိန်းမှ စမ်းသပ် တူးဖော်ထားသည့် ကျောက်သားနမူနာများကိုလည်းကောင်း၊ ရေလှောင်တမံ တည်ဆောက်မည့်နေရာနှင့် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အကောင်အထည်ဖော်ဆောင်ရွက်

သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းကို မဟာဓာတ်အားလိုင်းစနစ်နှင့် ဆက်စပ်တည်ဆောက်၍ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်နှင့် ကျန်ဒေသများသို့ပါ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်၊ ရေလှောင်တမံ တည်ဆောက် ထိန်းသိမ်းသိုလှောင်ထားခြင်းဖြင့် ဒေသတွင်း ရေကြီးမှုကို ကာကွယ်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

ပုညာရာမဆရာတော် တရားပွဲများ

ရန်ကုန် ဧပြီ ၁၉

သာကေတမြို့နယ် ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တပုညာနန္ဒ(ဓမ္မကထိက ဗဟုဇနဟိတရေ ကမ္မဋ္ဌာနာစရိယ)သည် မွန်ပြည်နယ် မော်လမြိုင်မြို့ မြသိမ်ကျောင်းဓမ္မာရုံ၌ ဧပြီ ၂၁ ရက်မှ ၂၂ ရက်အထိ လည်းကောင်း၊ မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် မဂ္ဂင်လမ်း ဓမ္မသဘင်၌ ဧပြီ ၂၃ ရက်၊ ၂၄ ရက်နှင့်၂၅ ရက်များ တွင်လည်းကောင်း ညပိုင်းတရားပွဲများကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်
ဦးတန်ခူးလပြည့်ကျော် ၈ ရက်
(ဥပုသ်နေ့)
၂၀–၄–၂၀၀၆ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၀၅	၇။	အကပဒေသာ
၈း၁၅	၈။	အရေးပြိုင်ပွဲ
၈း၂၀	၉။	ကံတင်ဘီးလင်း ရေလှောင်တမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၆း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၂၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၃၀	၈။	တေးဂီတအစီအစဉ်
၁၇း၄၀	၉။	**“မနိုင်သောအရှုံး”** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)
၁၇း၅၀	၁၀။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	အကပြိုင်ပွဲ
၁၈း၅၀	၁၄။	အဆိုပြိုင်ပွဲ
၁၉း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ဖန်ပန်းလှလှ”**(အပိုင်း–၁)
၁၉း၄၅	၁၆။	မြန်မာမှုပန်းဆယ်မျိုး (ပန်းတော့)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းဆီအိပ်မက်”** (အပိုင်း–၂၃)
	၂၁။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား ဌာနေကိုယ်စားလှယ် တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဧပြီ ၁၉

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် UNICEF ဌာနေကိုယ်စားလှယ် Ms. Corroll C.Long သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အမှတ်(၄၁၆) မဟာဗန္ဓုလလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုတောင်းပြည့်မယ်လမုစေတီတော် အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်ရှိ ဆုတောင်းပြည့်မယ်လမုစေတီတော်တွင် အဘိဓမ္မာသင်တန်း (၃/၂၀၀၆)ကို အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း မွန်းတည့်၁၂နာရီမှ ညနေ ၃နာရီအထိ စေတီတော်ဝင်းအတွင်းရှိ သင်တန်းခန်းမဆောင်တွင် ဧပြီ၂၂ရက်မှစတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ဖုန်း–၆၆၁၂၈၅ ဂေါပကရုံးသို့ ကြိုတင်စာရင်းပေးသွင်းပြီး တက်ရောက်သင်ကြားနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတက်ရောက်ရန် ဒုတိယဝန်ကြီးဦးကျော်သူ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်းကျန်း၏ ဖိတ်ကြားချက်အရ မြန်မာ–တရုတ်နှစ်နိုင်ငံ သစ်တောနှင့် သတ္တုပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက်ကုန်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်များ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပဉ္စမအကြိမ်အစည်းအဝေး (5th JICA-ASEAN Regional Cooperation Meeting)ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန် နိုင်ငံသံအမတ်ကြီး Mr. Nobutake Odano၊ နိုင်ငံခြားစီးပွားဆက်သွယ် ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ JICA ကိုယ်စားလှယ်ရုံးမှတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ JICA ဌာနချုပ်ရုံးမှ အဆင့်မြင့်ပုဂ္ဂိုလ်များ ပါဝင်ဆွေးနွေးကြမည့် ကမ္ဘောဒီးယား၊ ဘရူးနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံနှင့် အရှေ့တီမောနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်က အဖွင့်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Nobutake Odano က အမှာစကားပြောကြားပြီး အစည်း အဝေးဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (“JICA”)နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံ များအကြား ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပဉ္စမအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အဆိုပါ အစည်းအဝေးကို ဧပြီ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် တီဘီ၊ အနာကြီးရောဂါအကြောင်းဟောပြော

မိတ္ထီလာ ဧပြီ ၁၉

မိတ္ထီလာခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် တီဘီရောဂါနှင့်အနာကြီးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဧပြီ၈ရက် နံနက်၈နာရီခွဲက ညောင်ပင်လှိုအုပ်စု၊ ဝက်ကျောက်ကျေးရွာ ဈေးကုန်းဘုရားဓမ္မာရုံတွင် ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေး ဆရာဝန် ဒေါက်တာနိုင်လင်းက တီဘီရောဂါအကြောင်း၊ အနာကြီးရောဂါတိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်လှိုင်က အနာကြီးရောဂါအကြောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်ညိုညိုသန်းက အိုင်အိုဒင်းဆားသုံးစွဲကြရေးတို့ကို အသီးသီး အသိပညာပေးဟောပြောကြသည်။

ထို့နောက်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစိုးသူနှင့်အဖွဲ့ဝင်များက ကျေးရွာနေ အိမ်ထောင်ရှင်မများအား အိုင်အိုဒင်းဆားထုပ်များနှင့် တီဘီဝေဒနာရှင်လေးဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင် နှင့်အဖွဲ့ဝင်များက ငါးနှစ်အောက်ကလေးငယ်များအား အာဟာရဖြည့်အားဆေးနှင့် တီဘီဝေဒနာရှင် လေး ဦးအားထောက်ပံ့ငွေများပေးအပ်ကြပြီး ကျေးရွာစာကြည့်တိုက်အတွက် မိသားစုစီမံခန့်ခွဲရေး စာအုပ် ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ထောက်ပံ့ပေးအပ်

ထို့အတူ ရွှေစစ်သည်အုပ်စုအောင်သာ ကျေးရွာသို့ သွားရောက်ကြပြီး ကျန်းမာရေးဟောပြောခြင်း၊ အိုင်အိုဒင်းဆားထုပ်များထောက်ပံ့ပေးအပ်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

ရေလောင်းကြပါစို့

ချစ်နိုင်
(စိတ်ပညာ)

မြန်မာတစ်နိုင်ငံလုံးတွင် မြို့ပေါင်း ၃၀၀ ကျော်သာရှိသော်လည်း ကျေးရွာပေါင်းမှာ ၆၀၀၀၀ ကျော်ရှိသည်။ ထို့ကြောင့် ပျမ်းမျှအနေနှင့် မြို့နယ်တစ်ခုတွင် ကျေးရွာနှစ်ရာပါဝင်ကြောင်း တွေ့ရသည်။ မြို့နယ်တစ်ခုတွင် ကျေးရွာပေါင်း ငါးဆယ်၊ တစ်ရာရှိသော မြို့လည်းရှိသည်။ မြို့နယ် တစ်ခုအတွင်း ကျေးရွာပေါင်း ခြောက်ရာ၊ ခုနစ်ရာ ရှိသော အချို့ မြို့လည်းရှိသည်။ လူဦးရေနှင့် အကျယ်အဝန်း မတူညီကြသကဲ့သို့ လူမှုစီးပွားရေးဘဝလည်း ကွဲပြားကြသည်။ စာပေနှင့် ဘာသာစကား မပေါက်သော ကျေးရွာအချို့လည်း ရှိနေသေးသည်။ မည်သို့ပင်ဖြစ်စေ **အေးချမ်း တည်ငြိမ်မှုကို တည်ဆောက်လာနိုင်သဖြင့် ပညာရေးစနစ်သည် များစွာကျယ်ပြန့်လာခဲ့သည်။ ယခုအခါ နိုင်ငံအဝန်းတွင် မူလတန်းကျောင်း အပါအဝင် အစိုးရစာသင်ကျောင်းပေါင်း ၄၀၀၀၀ကျော် ရှိနေပြီ။ ပညာရေး ဖွံ့ဖြိုးတိုးတက်လာမှုမှာ အားတက်စရာ ဖြစ်ပေသည်။ ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းပညာကို အလွယ်တကူ ဆည်းပူးနိုင်လာပြီ။**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်းအနက် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်အောင် လှုံ့ဆော်စည်းရုံးခဲ့ကြရာ ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ ခုနှစ် နှစ်နှစ်ကာလအတွင်း ကျေးရွာလေးသောင်းကျော်၌ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူတို့၏ စိတ်အားထက်သန်မှု၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ အားပေးစောင့်ရှောက်မှု၊ စေတနာရှင်အလှူရှင်များ၏ ပါဝင်ကူညီဖြည့်ဆည်းမှုတို့ကြောင့် ကျေးရွာ စာကြည့်တိုက်များ ပေါ်ပေါက်အောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ကျေးရွာအားလုံး စာကြည့်တိုက်ကိုယ်စီ ဖွင့်လှစ်နိုင်ရန် အထူးကြိုးပမ်း အားထုတ်လျက်ရှိသည်။ ဧပြီလ ၁၈ ရက်နေ့အထိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၃၅၅၄ တိုက် ထူထောင် ပေါ်ထွက်ခဲ့ပေပြီ။ အရေအတွက်သာမက ပြည်သူလူထုကိုယ်တိုင် စာဖတ်သော အလေ့အထ ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြင့်တင်နိုင်မည့် စာအုပ်စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများ များစွာ လိုအပ်နေသေးသည်။ ရပ်တန့်၍မရ။ နှေးကွေး၍မဖြစ်။ အဆက်မပြတ် အားဖြည့်ပေးပြီး ရှင်သန် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ခရီးကား မပြီးဆုံးသေး။

မည်သည့်မြို့ရွာ၊ မည်သည့်ကျေးရွာအတွက်ဖြစ်စေ မိမိတို့ ရောက်လေရာရာ ကျေးရွာ စာကြည့်တိုက်များသို့ ဂျာနယ်ဟောင်း၊ မဂ္ဂဇင်းဟောင်းများကို ပေးလှူခြင်းအားဖြင့် ထောက်ပံ့ကူညီနိုင်ပါသည်။ စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းဆိုသည်မှာ မိမိဖတ်ရှုပြီးလျှင် အဟောင်းဖြစ်သွားပါပြီ။ ထိုစာနယ်ဇင်း ဖတ်ပြီးသား အဟောင်းကို သူတစ်ပါး ဖတ်စေရန် လှူဒါန်းပေးဝေသော ဓလေ့သည် ဂျပန်ပြည်ကဲ့သို့ ဖွံ့ဖြိုးသော နိုင်ငံမျိုးတွင် တွေ့ရတတ်သည်ဟု ကြားဖူးပါသည်။ ဘူတာရုံ၊ စင်္ကြံထိုင်ခုံများပေါ်တွင် ဂျာနယ်ဟောင်း၊ မဂ္ဂဇင်းဟောင်းများကို သူတစ်ပါး ဖတ်ရှုနိုင်စေရန် ချထားခဲ့တတ်သည်ဟု ဖတ်ရဖူးပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ၊ အလုပ်တွင်ကျယ်မှု၊ စွမ်းဆောင်ရည် မြင့်မားမှုများကို အခြေခံကြောင်း လေ့လာတွေ့ရှိပါသည်။ လူသားစွမ်းရည် အရင်းအမြစ်သည် အဓိကကျလေသည်။ နိုင်ငံသူ၊ နိုင်ငံသားများ ပညာ ဗဟုသုတ တိုးပွားရေးမှာ ရေတို တစ်ပွဲတိုး လုပ်ဆောင်ရမည့်ကိစ္စမျိုး မဟုတ်ပေ။ စိတ်ရှည်လက်ရှည်၊ ဇွဲကောင်းကောင်းဖြင့် ရေရှည်အကောင်အထည်ဖော်သွားကြရမည့် လုပ်ငန်းစဉ်မျိုး ဖြစ်လေသည်။

ယနေ့ဖွံ့ဖြိုးတိုးတက်နေကြသော တိုင်းပြည်များသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော် နှစ်ရာခန့်က စိုက်ပျိုးခဲ့သော အသီးအပင်များကို စားသုံးနေကြခြင်းဖြစ်ကြောင်း တွေ့မြင်ရပါသည်။ ယနေ့ခေတ်ကာလတွင် ကျွန်တော်တို့အတွက် ကံကောင်းသည်မှာ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု အခြေအနေကြောင့် အချိန်တိုတိုအတွင်း ထိရောက်အောင်မြင်မှု ပိုမိုကြီးမားစွာ ရရှိနိုင်သော အလားအလာဖြစ်ပါသည်။

အမေရိကန်တော်လှန်ရေးစစ်ပွဲများ ကာလတွင် နာမည်ထင်ရှားသူ မေဂျာအန်ဒီဆင်က အများပြည်သူလူထု ဖတ်ရှုနိုင်မည့် စာကြည့်တိုက်တစ်ခုကို ထူထောင်ဖွင့်လှစ်ခဲ့ပေသည်။ ထိုအရပ်ဒေသရှိ ပညာဗဟုသုတ ဆည်းပူးလိုသူများအတွက် သူ၏ လူထုစာကြည့်တိုက်သည် များစွာ အထောက်အပံ့ဖြစ်စေခဲ့ပေသည်။ “မေဂျာ အန်ဒီဆင်၏ စာကြည့်တိုက်” သို့ လူငယ်အချို့ နေ့စဉ်လာရောက်စာဖတ်ကြသည်။ ထိုကဲ့သို့ စာဖတ်သူ လူငယ်များအနက် တစ်ဦးသည် စနေနေ့ နံနက်တိုင်း စာကြည့်တိုက်သို့ ရောက်ရှိလာတတ်ပြီး တစ်နေကုန် တကုပ်ကုပ်နှင့် စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ဖတ်လိုက်၊ ကူးမှတ်လိုက် လုပ်နေတတ်သည်။ ထိုလူငယ်လေးသည် စကော့လူမျိုးဖြစ်သည်။ စာအုပ်စာပေများစွာကို ဤစာကြည့်တိုက်မှ ဖတ်ရှုခွင့်ရခြင်းအတွက်လည်း ထိုလူငယ်လေးက ကျေးဇူးတင်ပေသည်။ ထိုသို့ စာကြည့်တိုက်မှာ စာဖတ်ခြင်းဖြင့် ပညာဗဟုသုတတို့ကို အများအပြား ဆည်းပူးခွင့်ရသွားပုံ ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် နောင်နှစ်ပေါင်းနှစ်ဆယ်ခန့်ကြာသောအခါ အမေရိကန်နိုင်ငံတွင် အချမ်းသာဆုံးနှင့် ထုတ်လုပ်မှုစွမ်းအားအရှိဆုံး လုပ်ငန်းရှင်သူဌေးကြီး အင်ဒရူးကာနယ်ဂျီ ဟူ၍ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

သူသည် ကိုယ်တိုင်သန်းကြွယ်သူဌေးဖြစ်လာခဲ့သောအခါ ပညာဗဟုသုတ မြင့်မားရေးကို မြှင့်တင်ပျိုးထောင်ပေးမှ ငွေကြေးနှင့် လူမှုစီးပွားဘဝတွေပါ အစစအရာရာ ဖွံ့ဖြိုးသာယာမည်ကို သိမြင်လာခဲ့သည်။ “ကာနယ်ဂျီပြည်သူ့စာကြည့်တိုက်များ”ကို အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ တည်ထောင်လှူဒါန်းလေသည်။ ထုတ်ဖော်ပြောဆိုခြင်း မပြုကြသော်လည်း စာဖတ်သူ လူထောင်သောင်းများစွာတို့သည် ထိုလူထုစာကြည့်တိုက်များ၏ ကျေးဇူးကြောင့် သူတို့ လူတစ်လုံးသူတစ်လုံးဖြစ်ကာ ဘဝအခြေ မြင့်မားလာကြကြောင်း နားလည်ထားကြလေသည်။

ငယ်စဉ်အခါက စာကြည့်တိုက်သို့ လာလာပြီး စာအုပ်တွေကို အဖော်လုပ်ခဲ့သော ထိုစကော့လူငယ်လေးသည် ကြွယ်ဝချမ်းသာသည့် သူဌေးကြီးဖြစ်လာသောအခါ ထူးခြားသော စွမ်းဆောင်မှုတစ်ခုကိုလည်း စံချိန်တင်ကာပြုလုပ်ခဲ့ပါသေးသည်။ ယင်းကား အခြားမဟုတ်၊ သန်းကြွယ်သူဌေးများ အလွန်တရာရှားပါးနေသည့်ထိုခေတ်ကာလထဲတွင် သန်းကြွယ်သူဌေး ၄၃ ယောက်ကို သူက ပြုစုမွေးထုတ်ပေးလိုက်နိုင်ခြင်းဖြစ်ပါသည်။

စာပေသည် လူငယ်များစွာကို နိုးကြားအောင် လှုံ့ဆော်ပါသည်။ စာပေသည် လူငယ်များကို အသိအမြင်ကျယ်ပြန့်အောင် အလင်းတံခါး ဖွင့်ပေးပါသည်။ စာအုပ်စာပေ၏ ကျေးဇူးကြောင့် နိုင်ငံတစ်ခုလုံးတွင် ပညာတတ်များဦးရေ ပိုမိုတိုးတက်စေပါသည်။ အဆင့်ဆင့် ပြောင်းလဲမှု ဖြစ်စေ၊ တစ်ဟုန်ထိုးပြောင်းလဲမှုပင် ဖြစ်စေ အဓိကကျသော ဆွဲအား၊ ဦးဆောင်မှုစွမ်းအားမှာ ခေတ်အဆက်ဆက် ပညာတတ်၊ ပညာရှင်များသာလျှင် ဖြစ်ပါသည်။

လူထုစာကြည့်တိုက်များ အရေးပါခဲ့ပုံကို အမေရိကန်ပြည်ထောင်စုထိအောင် ဝေးဝေးမျှော်ငေးပြီး ကြည့်စရာမလိုပါပေ။ အသက်အရွယ် ၇၀-၈၀ ရှိနေကြသော စာရေးဆရာ၊ ကဗျာဆရာ၊ နိုင်ငံကျော်စာပေ ပညာရှင်များကို မေးမြန်းကြည့်လျှင် ပြန်ကြားရေးစာကြည့်တိုက်များ၏ ကျေးဇူးကြီးမားပုံကို ပြောပြကြပေမည်။ ထူးထူးချွန်ချွန် အောင်မြင်ထင်ရှားသော ဆရာတော် သံဃာတော်များ၊ သမားတော် ပါရဂူဆရာဝန်များ၊ လုပ်ငန်းရှင်များ၊ အင်ဂျင်နီယာများ၊ တပ်မတော်ခေါင်းဆောင်များ စသည်တို့က မလွဲမသွေ ဝန်ခံကြမည့် အချက်သည်ကား သူတို့ ယခုကဲ့သို့ ထွန်းပေါက်ခဲ့ခြင်းသည် “စာအုပ်စာပေ”ဟူသော ဘဝ၏ “ဒုတိယမိခင်”ထံမှ နို့ချိုရည် သောက်စို့ခဲ့ရသောကြောင့် ဖြစ်ပါသည် ဟူသော စကားပေတည်း။

ဓားပြရှစ်ကြိမ်တိုက်ခဲ့ဖူးပြီး ထောင်သုံးကြိမ်ကျခဲ့ဖူးသူ မောင်အုံးဖေ အမည်ရှိ ထောင်သားလူဆိုးလူပေ ကလေးသည် ထောင်မှူး ဦးမောင်လေး၏ ကျေးဇူးဖြင့် ထောင်တွင်းစာကြည့်တိုက်တွင် စာကြမ်းပိုးလုပ်ခဲ့ရာ စာပေ၏ ဆုံးမသင်ပြမှုဖြင့် လူကောင်းဘဝသို့ ပြောင်းသွားကာ လူမှုရေး အလှူရှင် ပခုက္ကူဦးအုံးဖေ ဟူသော စာရေးဆရာ ဖြစ်လာခဲ့ပါသည်။

ပခုက္ကူမြို့တွင် “ဦးအုံးဖေစာကြည့်တိုက်”၊ ထနောင်းကုန်းရွာတွင် “အသိပညာစာကြည့်တိုက်”နှင့် ရှားတောရွာ၌ “ဗဟုသုတစာကြည့်တိုက်” တို့ကို သိန်းပေါင်းများစွာ မတည်လှူဒါန်းကာ ထူထောင်ပေးလေသည်။ စာကြည့်တိုက်သည် လူအများကို အလင်းရောင်ဖြန့်ဝေနိုင်ကြောင်း လူဆိုးမှ လူကောင်းဖြစ်လာခဲ့သူက ကိုယ်တွေ့ယုံကြည်သည်။

စာပေသည် လူငယ်များစွာကို နိုးကြားအောင် လှုံ့ဆော်ပါသည်။ စာပေသည် လူငယ်များကို အသိအမြင်ကျယ်ပြန့်အောင် အလင်းတံခါး ဖွင့်ပေးပါသည်။ စာအုပ်စာပေ၏ ကျေးဇူးကြောင့် နိုင်ငံတစ်ခုလုံးတွင် ပညာတတ်များဦးရေ ပိုမိုတိုးတက်စေပါသည်။ အဆင့်ဆင့် ပြောင်းလဲမှု ဖြစ်စေ၊ တစ်ဟုန်ထိုးပြောင်းလဲမှုပင် ဖြစ်စေ အဓိကကျသော ဆွဲအား၊ ဦးဆောင်မှုစွမ်းအားမှာ ခေတ်အဆက်ဆက် ပညာတတ်၊ ပညာရှင်များသာ လျှင် ဖြစ်ပါသည်။

စက်မှုတော်လှန်ရေး၊ ပစ္စည်းမဲ့တော်လှန်ရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လှုပ်ရှားမှု၊ အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှု၊ နိုင်ငံတကာ သမိုင်းဖြစ်ပေါ်မှု အားလုံးတို့တွင် ပညာတတ်များ၊ ပညာရှင်များသည် အရေးပါကြောင်း တွေ့မြင်ကြရပါလိမ့်မည်။ ပညာမဲ့များ၊ ဗဟုသုတ နည်းပါးသူများက ရှေ့ဆောင်ဦးရွက်ပြုခဲ့သမျှ ဘယ်သောအခါမျှ မအောင်မြင်ဘဲ ရှုံးနိမ့်ပျက်ပြားခဲ့ကြောင်း လေ့လာသိမြင်ကြပါသည်။ ပညာသည် စွမ်းအားကြီးမားပြီး ပညာမဲ့ခြင်းသည် အလွန်တရာ ရောဂါထူပြောရုံမျှသာမက ဆင်းရဲပင်ပန်းကာ ခက်ခဲ ကြမ်းတမ်းလှကြောင်း သမိုင်းစာမျက်နှာများက သင်ကြားပြသပါသည်။

အကယ်၍သာ ပြည်သူလူထု အသိအမြင်ဗဟုသုတ ခေါင်းပါးနိမ့်ကျနေပါက သတင်းနှင့် ဆက်သွယ်မှု နည်းပညာ အဆင့်မြင့်စွာ အင်အားကြီးမားလှသော ခေတ်သစ်မီဒီယာ လွှမ်းမိုးသူများ၏ လှည့်စားဖြားယောင်းကာ နင်းချေအသုံးချခြင်းကို ခံရဖွယ်ရှိနေပါသည်။ အန္တရာယ် အလွန်ကြီးမားလှပေသည်။ လူငယ် လူရွယ်များ အပါအဝင် ကျေးရွာပေါင်း ငါးသောင်းကျော်ရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့အောင်မြင်ရေးသည် ကျွန်တော်တို့ ပြည်သူ၊ ပြည်သားအားလုံးကို စိန်ခေါ်လျက်ရှိနေပါသည်။ မျှဝေလေလေ တိုးပွားလေလေ ဖြစ်တတ်သော သဘောသဘာဝကို နားလည်ကြစေလိုပါသည်။ ကိုယ့်အား ကိုယ်ကိုး ကျေးရွာလူထုစာကြည့်တိုက်များ အရေးပါပုံ၊ အရေးကြီးပုံကို သိမြင်ပြီး အားပေးကူညီ လှူဒါန်း ထောက်ပံ့ကြစေလိုပါသည်။ ရေရှည်အမျိုးသား အကျိုးစီးပွားအတွက် ရေသောက်မြစ်ကို ရေလောင်းကြပါစို့။ အမျိုးသားရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် ဝိုင်းဝန်းပါဝင် လှုပ်ရှားအားပေးကြပါစို့။ ။

အထက(၂)ရန်ကင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

အထက(၂) ရန်ကင်း (ယခင်-ကျောက်ကုန်းစိန်မိုက်ကယ်ကျောင်း) တွင် ၁၉၅၉-၁၉၆၀မှ ၁၉၇၉-၁၉၈၀ နှစ်များအတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်လှကြည်နှင့် ဖော်ပြပါနှစ်များအတွင်း ပညာသင်ပေးခဲ့သော ဆရာဆရာမများအား(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက (၂) ရန်ကင်း ရှေ့ဆောင်ခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်ခင်မမစိုးကြည် (အထက-၂၊ရန်ကင်း) ဖုန်း-၅၆၂၉၆၇၊ ဦးမြတ်ခိုင် (ကြီးပွားရေးလမ်းညွှန်ဂျာနယ်) ဖုန်း-၂၅၃၇၄၆၊ ၀၉ ၉၉ ၂၇၀၉၈၊ ဦးရဲဝင်းကျော်- ဒေါ်သန်းသန်းအေး ဖုန်း-၅၆၁၅၆၄၊ ဦးကြည်ဝင်း- ဒေါ်လွင်မာတင် ဖုန်း-၅၆၅၀၇၇၊ ၃၈၄၃၅၄၊ ဦးတင်မောင်ညွှန့် (ခင်မောင်ညွှန့်ထရေးဒင်း) ဖုန်း-၀၉ ၈၀ ၃၀၅၀၈၊ ဦးထင်အောင်စော ဖုန်း-၅၇၁၉၁၆၊ ၀၉ ၅၁ ၀၅၅၄၀နှင့် ဦးကြည်သာ (ပွဲကြိုက်ခင်) ဖုန်း-၅၇၁၄၅၂၊ ၀၉ ၈၀ ၂၁၃၀၉တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်းစိန်မြို့နယ် အလက(၉)၌ ၁၉၆၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၈ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမကြီးများအား ကန်တော့ကြစဉ်။
(မြန်မာ့အလင်း)

စာမျက်နှာ ၇ မှ

ယင်းတံတားကြီး မတည်ဆောက်နိုင်မီအချိန်ကာလကဆိုလျှင် ခရီးသွားပြည်သူများသည် ဧရာဝတီမြစ်ကြီးကို ရောက်ပြီဆိုသည်နှင့် ဇက်ရေယာဉ်များ၊ ကူးတို့ရေယာဉ်များဖြင့် ပြောင်းပြီးကူးကြရကြောင်း၊ ထို့ကြောင့် လူပင်ပန်း၊ စိတ်ပင်ပန်းကာ အခက်အခဲမျိုးစုံဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအခါ တံတားကြီးကို အပြီးတိုင်ဖွင့်လှစ်နိုင်ပြီးဖြစ်သည့်အတွက် ဤအခက်အခဲများသည် အတိတ်တွင်ပင် ကျန်ရစ်ခဲ့ပြီးဖြစ်ကြောင်း။

ရာသီမရွေးဆက်သွယ်နိုင်

ယခုဖွင့်လှစ်လိုက်သည့် သံလွင်တံတား(မော်လမြိုင်)ရထားတံတားကြီးကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်လာသည့်အပြင် တစ်နိုင်ငံလုံး ဖောက်လုပ်ထားသော မော်တော်ကားလမ်း၊ ရထားလမ်းစသည့် ပြည်ထောင်စုလမ်းမကြီးများကနေတစ်ဆင့် အချိန်မရွေး၊ ရာသီမရွေး လွယ်လွယ်ကူကူဖြင့် ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာပြည်မြောက်ဖျားတွင်ရှိသည့် ပူတာအိုမြို့ကနေ မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုလမ်းမကြီးကနေတစ်ဆင့် မြန်မာနိုင်ငံတောင်ဘက်အစွန်းတွင်ရှိသော ကော့သောင်းမြို့အထိ တိုက်ရိုက်ခရီးသွားနိုင်သကဲ့သို့ ယနေ့ ဖွင့်လှစ်လိုက်သည့် သံလွင်တံတား (မော်လမြိုင်) ရထားတံတားကြောင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ကနေပြီး တနင်္သာရီတိုင်း၊ ထားဝယ်မြို့အထိ မီးရထားဖြင့်တောက်လျှောက် ခရီးသွားနိုင်တော့မည်ဖြစ်ကြောင်း။

အချိန်မရွေး၊ ရာသီမရွေး လွယ်လွယ်ကူကူဆက်သွယ်နိုင်ပြီ

သံလွင်တံတား(မော်လမြိုင်)ရထားတံတားကြီးကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့သည် တစ်ဆက် တစ်စပ်တည်းဖြစ်လာသည့်အပြင် တစ်နိုင်ငံလုံး ဖောက်လုပ်ထားသော မော်တော်ကားလမ်း၊ ရထားလမ်းစသည့် ပြည်ထောင်စုလမ်းမကြီးများမှတစ်ဆင့် အချိန်မရွေး၊ ရာသီမရွေး လွယ်လွယ်ကူကူဖြင့် ဆက်သွယ်နိုင်ကြပြီ။

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဖွင့်လှစ်လိုက်သည့် မော်လမြိုင်ဘူတာကို တွေ့ရစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ပြည်ထောင်စုကြီး၏ အရှေ့ဖျားကနေ အနောက်ဖျား၊ မြောက်ဖျားကနေ တောင်ဖျား၊ ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွားရေးလာရေးလွယ်ကူအောင် အပင်ပန်းခံပြီး လမ်းတံတားများကို တိုးချဲ့ဖွင့်လှစ်တည်ဆောက်နေသကဲ့သို့ မွန်ပြည်နယ်အနေဖြင့်လည်း ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့်လမ်းများကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လမ်းသစ်များကိုလည်း ဖောက်လုပ်ခဲ့ကြောင်း၊ ယင်းကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် ၁၉၈၈ခုနှစ်တွင် လမ်းမိုင် ၉၈၈မိုင်ရှိရာမှ ယခုအခါတွင် ပြည်ထောင်စုလမ်းမကြီး ၃၁၈ မိုင် ၄ ဖာလုံ အပါအဝင် ၂၆၁၅မိုင်ရှိလာကြောင်း၊ ရထားလမ်းအနေဖြင့်လည်း ၂၇၆မိုင်ကနေပြီး ၂၉၃မိုင်ထိ တိုးတက်ဖောက်လုပ်နိုင်ခဲ့ကြောင်း။

စစ်တောင်း(မုပ္ပလင်)တံတား

တံတားတည်ဆောက်ရေးလုပ်ငန်းတွင်လည်း မွန်ပြည်နယ်ပတ်ဝန်းကျင်တစ်လျှောက်တွင် အတ္တရံတံတား၊ ဂျိုင်း–ဇာသပြင်တံတား၊ ရေးမြစ်ကူးတံတား၊ ဒုံသမိတံတားများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မွန်၊ ကရင်၊ တနင်္သာရီဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းပြီး စစ်တောင်းတံတားဟောင်းအနီး၌ မော်တော်ကားတံတားဖြစ်သည့် စစ်တောင်း(မုပ္ပလင်)တံတားကို စတင်တည်ဆောက်နေပြီးဖြစ်ကြောင်း။

ထို့အပြင် တနင်္သာရီတိုင်းကို မော်တော်ကားနှင့်သာမက မီးရထားဖြင့် ဆက်သွယ်သွားလာနိုင်ရေးအတွက် ရေး–ထားဝယ်ရထားလမ်းကို ၁၉၉၄ခုနှစ်မှစပြီး စတင်ဖောက်လုပ်ခဲ့ရာ ၁၉၉၅ခုနှစ် မေလ ၃၀ရက်နေ့တွင် ထားဝယ်–ရေဖြူ ရထားလမ်းပိုင်း၊ ၁၉၉၆ခုနှစ် စက်တင်ဘာလ ၂၄ရက်နေ့တွင် ရေး–ကိုးမိုင်ရထားလမ်းပိုင်း၊ ၁၉၉၈ခုနှစ် မတ်လ ၂၆ရက်နေ့တွင် ၁၀၁ဒသမ ၃၆မိုင် ရှည်လျားသည့် ရေး–ထားဝယ် မီးရထားလမ်းသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ရေး–ထားဝယ် မီးရထားလမ်းပိုင်း၌ဆိုလျှင် ရေးမြို့တွင် ရေးမြစ်ကာဆီးထားမှုကြောင့် ရပ်တန့်နေသည့် ရထားလမ်းအတွက် အရှည်ပေ ၈၅၀ရှိသည့် ကားရော ရထားပါသွားလာနိုင်သော ရေးမြစ်ကူးတံတားကြီးကို ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၂၅ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ၁၀၂ဒသမ ၃၈မိုင်ရှည်သည့် မွန်–တနင်္သာရီ သွေးချင်းချစ်ကြည်ပြည်ထောင်စုရထား လမ်းသစ်ကြီး ပေါ်ထွန်းလာခဲ့သည်ဟု ပြောကြားလိုကြောင်း။

ထို့အပြင် မွန်ပြည်နယ် ၁၀မြို့နယ်အတွင်းတွင်ရှိသည့် ကျေးရွာ ၁၂၁၅ရွာအနေဖြင့် အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်သည့်လမ်းများ၊ ပြည်ထောင်စု လမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်းများကိုလည်း ဖောက်လုပ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

တိုးတက်ကောင်းမွန်လာ

ထို့ကြောင့် ယခုအချိန်တွင် မွန်ပြည်နယ်၏လမ်းပန်းဆက်သွယ်မှုများသည် တစ်နေ့တခြား အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်လာသည့်အတွက် ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်ဖောက်ကားမှုများသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ သံလွင်မြစ်ကူးတံတား(မော်လမြိုင်) ရထားတံတားကြီးနှင့် ခေတ်မီမော်လမြိုင်ဘူတာရုံကြီးတို့ကို တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်အစိုးရအား မွန်ပြည်နယ်ဒေသခံ ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဒေသခံပြည်သူလူထုအနေဖြင့်လည်း နိုင်ငံတော်၏ကျေးဇူးကို ဆပ်သည့်အနေဖြင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရင်း ခေတ်မီနိုင်ငံတော်ကြီးအဖြစ်ရောက်အောင် လက်တွဲပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တစ်ခန်းတစ်ကဏ္ဍ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်)ရထား တံတား တည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာ တောင့်တင်းစေရေး၊ မိမိနိုင်ငံသူ၊နိုင်ငံသား တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး ရည်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံ၊ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် အားသွန်ကြိုးပမ်း တည်ဆောက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရန်အတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျကြောင်း၊ လွယ်လင့် တကူ ဆက်သွယ်သွားလာနိုင်မှသာ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း"၊ "ပြည်ထောင်စုကြီး တိုးတက်လာစေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိလာစေရန်၊ ရေမြေခြားနေသည့် ဒေသအားလုံး တစ်စပ်တည်းရှိလာစေရန် လမ်းတံတားစီမံကိန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း"

လမ်းညွှန်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အရေးပါသည်ဆိုခြင်းကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

ယနေ့ ဖွင့်လှစ်မည့် သံလွင်တံတား(မော်လမြိုင်) ရထားတံတားသည် မြန်မာနိုင်ငံ၌ အရှည်ဆုံးရထားလမ်းတံတားဖြစ်ပြီး ပင်မတံတားကြီးပေါ်တွင် ကားလမ်းနှင့်အပြိုင်ရထားလမ်းအား ယှဉ်တွဲဖောက်လုပ်ထားခြင်း ဖြစ်ပါကြောင်း။ ယခင်က ရထားလမ်းအနေဖြင့် မော်လမြိုင်ဘက်ခြမ်းတွင် မော်လမြိုင်မှ ထားဝယ်အထိလည်းကောင်း၊ မုတ္တမဘက်ခြမ်းတွင် မုတ္တမမှရန်ကုန်အထိလည်းကောင်း သွားလာနိုင်ပြီး မော်လမြိုင်နှင့်မုတ္တမမှာ သံလွင်မြစ်ကြီးကြောင့် ဟိုဘက်ဒီဘက်သီးခြားစီ မဆက်စပ်နိုင်ဘဲ တည်ရှိနေခဲ့ခြင်း ဖြစ်ပါကြောင်း။

ဆက်သွယ်သွားလာနိုင်

သို့ရာတွင် သံလွင်တံတား(မော်လမြိုင်) ရထားတံတားကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် မော်လမြိုင်နှင့်မုတ္တမ ဆက်စပ်သွားပြီဖြစ်သကဲ့သို့ မြန်မာနိုင်ငံတောင်ဘက်ခြမ်း ထားဝယ်မှသည် မြန်မာနိုင်ငံမြောက်ဘက်ခြမ်း မြစ်ကြီးနားထိ ရထားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ မော်လမြိုင်ဘူတာသစ်ကြီးနှင့် သံလွင်တံတား(မော်လမြိုင်) ရထားတံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာများက ၂၀၀၃ ခုနှစ် ဧပြီလ ၂၇ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆ခုနှစ် ဧပြီလ ၁၇ရက်တွင် ပြီးစီးခဲ့သည့်အတွက် တည်ဆောက်ချိန်ကာလ သုံးနှစ်ကြာမြင့်ခဲ့ပါကြောင်း။

ကိုယ့်ခွန်ကိုယ့်အား

သံလွင်တံတား(မော်လမြိုင်)ရထားတံတား၏ ပင်မတံတားအရှည်မှာ ၁ဒသမ၄၆ မိုင် ရှိပြီး မုတ္တမဘက်ခြမ်းတွင် မြေသားချဉ်းကပ်လမ်း ၁ ဒသမ ၃၀မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ဒသမ၄၂မိုင် စုစုပေါင်း (မြေသား+တံတား) ချဉ်းကပ်လမ်း ၂ ဒသမ ၇၂ မိုင်၊ မော်လမြိုင်ဘက်ခြမ်းတွင် မြေသားချဉ်းကပ်လမ်း သုည ဒသမ ၈၁ မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ဒသမ ၂၂မိုင်၊ စုစုပေါင်း (မြေသား+တံတား)ချဉ်းကပ်လမ်း ၂ ဒသမ ၀၃ မိုင်ရှိပါကြောင်း၊ မြေသားချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ သံလမ်းခင်းခြင်းနှင့် မော်လမြိုင်ဘူတာသစ်ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အင်ဂျင်နီယာများကတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပင်မတံတားကြီးနှင့် အဆိုပါ ပင်မတံတားကြီးသို့ ချဉ်းကပ်သည့် ချဉ်းကပ်တံတားများအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် **"ကိုယ့်ခွန်ကိုယ့်အားအပေါ်အခြေခံပြီး ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ဖြင့် ရနိုင်သမျှ အရင်းအနှီး၊ ရနိုင်သမျှစွမ်းအင်များကို စုစည်းပြီး တည်ဆောက်သွားရမှာဖြစ်ကြောင်း"** လမ်းညွှန် မိန့်မှာခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ မိန့်မှာမှုများကို နာယူပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ၏ ကိုယ့်ခွန်ကိုယ့်အားဖြင့် စုပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်အဖြစ် ယနေ့ မော်လမြိုင်ဘူတာသစ်ကြီးနှင့် သံလွင်တံတား (မော်လမြိုင်)ရထားတံတားကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရထားလမ်းများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး စက်ခေါင်းများအပါအဝင် စက်နှင့်အရန်ပစ္စည်းများကို ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်ရေးစသည့် ရပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ ရထားဖြင့် စိတ်ချမ်းမြေ့အဆင်ပြေစွာသွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရထားလမ်းအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ၃၅မိုင်သာ ရှိခဲ့ရာက ယနေ့ ဖွင့်လှစ်မည့် သံလွင်တံတား(မော်လမြိုင်) ရထားတံတား ရထားလမ်းအပါအဝင် တပ်မတော်အစိုးရ လက်ထက်တွင်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

တံတားကြီးရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် ခေတ်မီနိုင်ငံတော်ကြီးအဖြစ်ရောက်အောင် လက်တွဲပူးပေါင်းဆောင်ရွက်

စာမျက်နှာ ၁၁ မှ

ရထားလမ်းအရှည် ၁၀၉၈ ဒသမ ၅၄ မိုင်ကို တိုးချဲ့ ဖောက်လုပ်နိုင်ခဲ့သဖြင့် ယနေ့ရထားလမ်းအရှည် စုစုပေါင်း ၃၀၇၄ဒသမ၈၉ မိုင်ကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ဘူတာရုံ ၄၈၇ ဘူတာသာရှိခဲ့ရာက တပ်မတော်အစိုးရလက်ထက်တွင် ဘူတာ ၃၀၀ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ဘူတာရုံ စုစုပေါင်း ၇၈၇ဘူတာကို လည်းကောင်း၊ ၁၉၈၈ မတိုင်မီက တံတားကြီး၊ငယ် စုစုပေါင်း ၅၆၅၀ ရှိခဲ့ရာက တပ်မတော်အစိုးရလက်ထက်တွင် တံတားကြီး၊ငယ် ၃၇၃၀ စင်းကိုထပ်မံတည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး၊ငယ် စုစုပေါင်း ၉၃၈၀ ကိုလည်းကောင်း ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းပေါ်ရှိ ရေမျက်နီ–ကျော့ဥမင်ဖြတ်ကျော်သည့်လမ်း ၂၆ မိုင်ကိုလည်းကောင်း၊ ပဲခူး– ဟံသာဝတီလေဆိပ် ရထားလမ်းသစ် ၄ဒသမ၆၆မိုင်ကိုလည်းကောင်း၊ အုတ်ဖိုစု– သန်လျင်တက္ကသိုလ်ရထားလမ်းသစ် ၃ဒသမ၃၃မိုင်ကိုလည်းကောင်း၊ ကြီးနီ–ချောက်ရထားလမ်းသစ် ငါးမိုင်ကိုလည်းကောင်း၊ ပျဉ်းမနား–မြို့ဟောင်းဒွေးလမ်း(ကျည်တောင်ကန်–မြစ်ငယ်လမ်းပိုင်း) ၁၄၁ဒသမ၈မိုင်ကိုလည်းကောင်း၊ သာစည်–ကွမ်းခြံရိုးရထားလမ်းသစ် ၃ဒသမ၉၀မိုင်ကိုလည်းကောင်း၊ စစ်တောင်း (ဆတ်သွားကုန်း)–မြစ်ကျိုး–ဒိုက်ဦးရထားလမ်းသစ် ၂၄ မိုင်ကိုလည်းကောင်း ဆက်လက်ဖောက်လုပ်နေဆဲဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက သံလွင်တံတား(မော်လမြိုင်)ရထားတံတားတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယခုကဲ့သို့ ကြုံကြိုက်တုန်းတွင် ယင်းတံတားကြီးတည်ဆောက်ခဲ့ရသည့် အခြေအနေကိုအားလုံးသိအောင် အနည်းငယ်တင်ပြပြောကြားလိုပါကြောင်း၊ သံလွင်တံတား(မော်လမြိုင်)ကို စတင်တည်ဆောက်ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၉၈) ဆုံးဖြတ်ချက်အရ သံလွင်မြစ်၊ အတ္တရံမြစ်နှင့် ဂျိုင်းမြစ်ဆုံတွေ့ရာ၏ အောက်ဘက်တွင် သုံးနေရာလျာထားပြီး အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံပါတ်(၂)နေရာဖြစ်သည့် မော်လမြိုင်ဘက်ကမ်းမှ မုတ္တမဘက်ကမ်းသို့ ခေါင်းဆေးကျွန်း၏ အောက်ဘက်ပေ ၃၀၀ခန့်အကွာ၌ တံတားဆောက်လုပ်ရန် ရွေးချယ်ခဲ့ပါကြောင်း၊ ရွေးချယ်ရသည့် အကြောင်းရင်းမှာ အခြားတံတားလျာထားအူကြောင်း နှစ်ခုထက် ပိုမိုတိုတောင်းပြီး ချဉ်းကပ်လမ်းကိုလည်း ပေရှည်နည်းနည်းဖြင့် ဆောင်ရွက်နိုင်သည့်အတွက်ဖြစ်ပါကြောင်း။

ရွေးချယ်ပြီး တံတားနေရာကို နိုင်ငံတော်အကြီးအကဲထံ တင်ပြအတည်ပြုချက်ရယူပြီးနောက် ၁၉၉၈ခုနှစ်တွင် စတင်မြေစမ်းသပ်ခဲ့ပါကြောင်း၊ ရေလယ်တိုင်များအတွက် မြေစမ်းတွင်း ၂၂တွင်း စမ်းသပ်ပြီး ချဉ်းကပ်တံတားအတွက် မြေစမ်းတွင်း စမ်းသပ်ခဲ့ရာ ၂၀၀၀ပြည့်နှစ်တွင် ပြီးစီးခဲ့ပြီး အသေးစိတ်တံတားပုံစံများကို ခြောက်လအတွင်း အပြီးပုံထုတ်ခဲ့ပါကြောင်း။

ယင်းတံတား၏ထူးခြားချက်မှာ တည်ဆောက်ပြီး အခြားကား/မီးရထားတံတားများနှင့် မတူဘဲ တံတားသံပေါင်အတွင်း၌ပင် ကားလမ်း ၂၈ပေနှစ်လမ်းမောင်းနှင့် မီးရထားလမ်း ၁၆ပေကို ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းတံတားကြီး၏ ကားလမ်းအပိုင်း ချဉ်းကပ်တံတားနှင့် သံပေါင်တံတားကို စတင်ရန် ၂၀၀၀ပြည့်နှစ် မတ်၁၈ရက်တွင် ပန္နက်တင်အခမ်းအနားဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ပထမဆုံးစတင်အသုံးပြုခဲ့

ပင်မတံတားသံပေါင်အရှည် ၇၆၉၉ ပေရှိပြီး မော်လမြိုင်ဘက်ကမ်းချဉ်းကပ်တံတားက ၁၆၂၄ပေနှင့် မုတ္တမဘက်ကမ်းချဉ်းကပ်တံတားက ၂၂၅၂ပေ စုစုပေါင်းကားလမ်းတံတား၏အရှည်မှာ ၁၁၅၇၅ပေရှိသည့်အတွက် မြန်မာပြည်တွင် တည်ဆောက်ပြီး တံတားများအနက် အရှည်ဆုံးတံတားဖြစ်သကဲ့သို့ ရေလယ်တိုင်များ၏ အောက်ခြေအုတ်မြစ်လုပ်ငန်းများ ဆောင်ရွက် ရာတွင်လည်း ဘိုးပိုင် ၂၈လုံးတွဲ လေးထောင့်ပုံ ဘိုးပိုင်ချင်းဆက်ခွေအတွင်းသို့ ကွန်ကရစ်အပြည့်ဖြည့်သွင်းသည့် အုတ်မြစ်စနစ်ဖြစ်သော Virtual Caisson Type Foundation နည်းကို မြန်မာပြည်၌ ပထမဆုံးစတင် အသုံးပြုခဲ့ပါကြောင်း။

ယင်းတံတား၏ ထူးခြားပြီး ခက်ခဲသည့်လုပ်ငန်းမှာ ရေလယ်တိုင်များ၏ အောက်ခြေ အုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေအနက်ပေ ၁၀၀၊ မြစ်ရေစီးနှုန်းက တစ်စက္ကန့်လျှင် ၁၆ပေကျော်နှုန်း (တစ်နာရီလျှင် ၁၁မိုင်နှုန်း) စီးဆင်းမှုရှိပြီး ကျောက်လွှာထဲကို ပေ၄၀အနက်အထိ ဝင်အောင်ဖောက်ပြီး ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ တိုင်တစ်တိုင်ကို ဘိုးပိုင်၂၈လုံးတွဲ Virtual Caisson Type Foundation နည်းစနစ်ကို သုံးစွဲထားခြင်းဖြစ်ပါကြောင်း။

ရေလယ်တိုင် ၂၂ တိုင်ရှိသည့်အနက် ၁၁ တိုင်၌ ရိုးရိုးဘိုးပိုင်တူးစနစ်ကို သုံးပြီး ကျန်ရေနက်သည့် ၁၁တိုင်ကို ယခင်ကပြောခဲ့သည့် Virtual Caisson Type Foundation နည်းစနစ်ကို သုံးခဲ့ရပါကြောင်း၊ စုစုပေါင်း ရိုးရိုးဘိုးပိုင် ၁၁တိုင်အတွက် ဘိုးပိုင်အလုံးပေါင်း ၁၆၀ နှင့် Caisson ဘိုးပိုင် ၁၁တိုင်အတွက် ဘိုးပိုင်အလုံးပေါင်း ၃၀၈လုံး၊ စုစုပေါင်း ၄၆၈လုံး ဆောင်ရွက်ရာတွင် အချိန်နှစ်နှစ်ခွဲကြာမြင့်ခဲ့ပါကြောင်း။

ပင်မတံတားကြီး၏ သံပေါင်အရှည် ၇၆၉၉ ပေကို တပ်ဆင်ခဲ့ရာတွင် ၂၀၀၃ ခုနှစ် မတ်၃၀ရက်ကစပြီး နှစ်ဖက်စလုံးမှ တစ်ပြိုင်တည်း ပေါင်းကူးတပ်ဆင်နည်းကို အသုံးပြုခဲ့၍ ၃၆၁ရက်အကြာ ၂၀၀၄ခုနှစ် မတ် ၂၆ရက်တွင် ပြီးစီးခဲ့ပါကြောင်း၊ ကားလမ်းအချောသတ် လုပ်ငန်းများကို ၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ပြီးစီးခဲ့ပြီး ၅–၂–၂၀၀၅ရက်တွင် ပေ ၁၈၀နှင့်အထက် တံတားကြီးများအနက် ၁၇၉ စင်းမြောက်အဖြစ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ချဉ်းကပ်တံတား

ယနေ့ဖွင့်လှစ်သည့် မီးရထားတံတား ချဉ်းကပ်တံတားအပိုင်းကို တင်ပြရမည်ဆိုလျှင် မော်လမြိုင်ဘက်ကမ်းတွင် ၁၉–၁–၂၀၀၃ရက်က စတင်ဆောင်ရွက်ပါကြောင်း၊ ခန်းဖွင့်အနေဖြင့် ၃၅ ပေ–၁ခန်း၊ ပေ ၅၀–၁ခန်း၊ ပေ ၆၀–၆ခန်း၊ ၇၅ ပေ–၁ခန်း၊ ၈၅ ပေ–၆၉ခန်း၊ ၉၅ ပေ–၁ခန်း၊ စုစုပေါင်း ၇၉ခန်း ရှိပါကြောင်း။

ကားလမ်းတံတားနှင့်တွဲလျက် တံတားတိုင်အပါအဝင် ချဉ်းကပ်တံတားတိုင်ပေါင်း ၇၉တိုင်ကို ၁မီတာခွဲ အချင်းရှိပြီး မြေဝင်ပျမ်းမျှ မီတာ ၂၀ အနက်ရှိသည့် ဘိုးပိုင် ၂၈၀ ကို တူးဖော်ဆောင်ရွက်ခဲ့ပြီး အရှည်က ၆၄၈၁ ပေရှိပါကြောင်း။ တံတားခန်းဖွင့်များတွင် ၃၅ ပေရှည်သော သံကူကွန်ကရစ်ရက်မ လေးချောင်းနှင့် ပေ ၅၀ မှ ၉၅ ပေ ရှည်သည့် Pre.tension နှင့် Post.tension ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ ၃၀၇ချောင်း ပေါင်း ၃၁၁ချောင်း ပြုလုပ်အသုံးပြုခဲ့ရပါကြောင်း။ မော်လမြိုင်ဘက်ကမ်းတွင် တောင်ရိုးတန်းနှင့် ခေါင်းဆေးကျွန်းကြားတွင် ဘိုးပိုင်တူးရသည်မှာ လိပ်သည်းကျောက်လွှာရှိနေ၍ ရိုးရိုးမြေတွင်တူးသကဲ့သို့ မလွယ်ဘဲ ကျောက်လွှာများကို တွင်းပုံစံမပျက်အောင် ပထမအဆင့် Core Barrel ဖြင့် ဖြတ်လှီးရပါကြောင်း၊ ပြီးတော့မှ ကျောက်များကြေသွားအောင် Jumper ဖြင့် ထုချေရပါကြောင်း၊ ကြေသွားသည့် ကျောက်လွှာများကိုမှ Carbite bit ခေါ် ကျောက်ဖောက်သွားများ တပ်ဆင်ထားသော လွန်သွားဖြင့် ပထမတူးဖွရပါကြောင်း၊ ပြီးလျှင် ကျောက်ဖောက်သွားများ တပ်ဆင်ထားသည့် Bucket ဖြင့် ဆက်တူးရပါကြောင်း၊ တစ်နေ့ကုန်တူးမှ အနက်မီတာဝက်ကနေ ၁ မီတာအထိသာ လုပ်ငန်းပြီးသည့်အတွက် နေ့ရောညပါ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း။

မုတ္တမဘက်ကမ်းတွင်လည်း ၂၅–၈–၂၀၀၃ရက်တွင် လုပ်ငန်းစတင်ခဲ့ပါကြောင်း၊ချဉ်းကပ်တံတား ခန်းဖွင့်အနေဖြင့် ပေ ၆၀ –၆ ခန်း၊ ၆၂ ပေ–တစ်ခန်း၊ ၈၄ ပေ–လေးခန်း၊ ၈၅ ပေ–၇၇ခန်း၊ ပေ ၉၀–တစ်ခန်း၊ ၁၀၅ ပေ–တစ်ခန်း၊ စုစုပေါင်းခန်းဖွဲ့ ၉၀ရှိပါကြောင်း။

တစ်ပြိုင်တည်းအသုံးပြု

အရှည်အားဖြင့် ၇၄၉၈ပေရှိပါကြောင်း။ မုတ္တမဘက်ကမ်းတွင် ဘိုးပိုင်တူးသည့်အပိုင်း၌ ဘိုးပိုင်များကို ၁ဒသမ၂မီတာအချင်းနှင့် ၁မီတာခွဲရှိသည့် ဘိုးပိုင် ၃၇၄လုံးကို မြေဝင်မီတာ ၂၀အနက်အထိ တူးဖော်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ပုံမှန်မြေသားဖြစ်၍ ဘိုးပိုင်တူးရသည်မှာ အထူးမခက်ခဲသော်လည်း ကားလမ်းချဉ်းကပ်တံတားအထက်တွင် ရထားချဉ်းကပ်တံတားကို ဖြတ်ပြီး တည်ဆောက်ရခြင်းကြောင့် ဤနေရာတွင် ကားလမ်းချဉ်းကပ်တံတားလက်ရန်းနှင့်မလွတ်သည့်အတွက် ၁၆ပေ အချင်းရှိသော Caisson Foundation အုတ်မြစ်တစ်ခုတူးပြီး တံတားတိုင်ကိုလည်း ပေ၆၀ အမြင့်လောက်ထိ တည်ဆောက်ခဲ့ရပါကြောင်း၊ ယင်းနေရာတွင် ၉၇ ပေရှည်သော ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မလေးချောင်းကိုလည်း ကားလမ်းချဉ်းကပ်တံတားခံနေ၍ မြေပြင်က တန်၈၀နှင့် တန်၆၀ကရိန်း၊ ကားလမ်းတံတားပေါ်က တန် ၅၀ ကရိန်းများကို တစ်ပြိုင်တည်း အသုံးပြုပြီး ရက်မများကို ခက်ခက်ခဲခဲ မတင်တပ်ဆင်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ မုတ္တမဘက်ခြမ်းတွင် ၅၈ ပေကနေ ၉၇ပေအထိ ရှည်သော Pre.tension နှင့် Post.tension ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ ၃၅၄ချောင်းအသုံးပြုပြီး တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း။

ယင်းတံတား၏ အရှည်သည် ပင်မတံတား ၇၆၉၉ပေ၊ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်ရထားတံတား ၆၄၈၁ပေ၊ မုတ္တမဘက် ၇၄၉၈ ပေ စုစုပေါင်း ၂၁၆၇၈ပေ၊ မိုင်အားဖြင့် ၄ဒသမ၁မိုင် ရှည်ပါကြောင်း၊ ရထားလမ်းချဉ်းကပ်တံတား၏ မော်လမြိုင်နှင့် မုတ္တမနှစ်ဖက်ပေါင်း ၁၃၉၇၉ ပေ၊ မိုင်အားဖြင့် ၂ ဒသမ ၆၅ မိုင် ရှိပြီး မီးရထားခွင့်ပြုဝန် အလေးချိန်မှာ IRS-17 Tons (Indian Railway Standard)အရ တည်ဆောက်ရပြီး တံတားမှာ အကျယ်ရှစ်ပေ၊ တစ်ဖက်တစ်ချက် လူသွားလမ်းလေးပေစီနှင့် စုစုပေါင်း ၁၆ပေ ကျယ်ပါကြောင်း။

ဤမီးရထားချဉ်းကပ်တံတားကို ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကနေ တနင်္သာရီတိုင်း ထားဝယ်မြို့အထိ မီးရထားလမ်းတစ်ဆက်တည်း သွားလာနိုင်မည်ဖြစ်၍ ဤပြည်နယ်က ပြည်သူများအတွက်သာမက တစ်နိုင်ငံလုံးက ပြည်သူများအတွက်ပါ အဘက်ဘက်က အကျိုးပြုနိုင်တော့မည် ဖြစ်ပါကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့တွင် သံလွင်တံတား (မော်လမြိုင်)၏ ကားလမ်းရော ရထားလမ်းအပိုင်းပါ ပြီးပြည့်စုံစွာ ဖွင့်လှစ်ပေးနိုင်ပြီဖြစ်သည့်အတွက် ယင်းတံတားကြီးကို တည်ဆောက်ရန် တာဝန်ယူခဲ့ရခြင်းကို အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယင်းတံတားကြီးပေါ်ကနေ ကားအသုံးပြုသည့် ခရီးသည်ရော ရထားအသုံးပြုသည့် ခရီးသည်များပါ အလွယ်တကူ ဖြတ်သန်းသွားနိုင်နေပြီကို တွေ့ရသည့်အတွက် အလွန်ပင်ပီတိ ဖြစ်မိပါကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက စေတနာထားပြီး တည်ဆောက်ပေးခဲ့သကဲ့သို့ ပြည်သူများအနေဖြင့်လည်း ယင်းတံတားကြီးကို အသုံးပြုပြီး ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်)ရထားတံတားတည်ဆောက် ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ဒေသခံပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မော်လမြိုင်ဘူတာနှင့် သံလွင်တံတား (မော်လမြိုင်)ရထားတံတား တည်ဆောက်ရေးတွင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းကိုယ်စားလှယ်နှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်းကိုယ်စားလှယ်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်လမြိုင်ဘူတာ ကမ္ပည်းကျောက်စာဖွင့်လှစ်မည့် ဘူတာဥပစာရှေ့၌ နေရာယူကြသည်။

စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

မင်္ဂလာအချိန် ကျရောက်သည်တွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မော်လမြိုင်ဘူတာ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်မင်းနှင့် ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဖွင့်လှစ်လိုက်သည့် မော်လမြိုင်ဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် သံလွင်တံတား(မော်လမြိုင်) ရထားတံတားဖွင့်ပွဲ အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရထားတံတားဖွင့်လှစ်ပွဲကျင်းပမည့် ဘူတာစင်္ကြံလမ်းရှိ မင်္ဂလာမုခ်ဦး၌ နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန် ကျရောက်သည်တွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့က ဖဲကြိုးဖြတ်၍ သံလွင်တံတား(မော်လမြိုင်)ရထားတံတားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ အင်ဂျင်နီယာများနှင့်အတူ စုပေါင်း၍ ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နှုတ်ဆက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ဘူတာမှနေ၍ ပထမဦးဆုံးစတင်ထွက်ခွာသည့် အမှတ်(၉၀)အစုန် မော်လမြိုင်–ရန်ကုန်အမြန်ရထားဖြင့် လိုက်ပါ စီးနင်းသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံလွင်တံတား(မော်လမြိုင်) ရထားတံတား၏ ပင်မတံတား အရှည်မှာ ၁ ဒသမ၄၆ မိုင်ရှိပြီး မုတ္တမဘက်ခြမ်းတွင် မြေသားချဉ်းကပ်လမ်း ၁ဒသမ၃၀ မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ဒသမ ၄၂ မိုင် စုစုပေါင်း (မြေသား+တံတား) ချဉ်းကပ်လမ်း ၂ ဒသမ ၇၂ မိုင်၊ မော်လမြိုင်ဘက်ခြမ်းတွင် မြေသားချဉ်းကပ်လမ်း ဝဒသမ၈၁မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ဒသမ၂၂မိုင်စုစုပေါင်း (မြေသား+တံတား) ချဉ်းကပ်လမ်း ၂ဒသမ ဝ၃မိုင် ရှိသည်။ မြေသားချဉ်းကပ်လမ်း ဖောက်လုပ်ခြင်း၊ သံလမ်းခင်းခြင်းနှင့် မော်လမြိုင်ဘူတာသစ် ဆောက်လုပ်ခြင်း လုပ်ငန်းတို့ကို မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ပြီး ပင်မတံတားကြီးနှင့် အဆိုပါ ပင်မတံတားကြီးသို့ ချဉ်းကပ်သည့် ချဉ်းကပ်တံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မော်လမြိုင်ဘူတာသည် အလျားပေ ၂၉၀၊ အနံပေ ၁၁၀ ရှိပြီး ပင်မနှစ်ထပ်ဆောက်လုပ်ထားကာ ထိန်းချုပ်မျှော်စင်တစ်ခု ပါဝင်သည်။ စုစုပေါင်း ကြမ်းခင်းဧရိယာ စတုရန်းပေ ၆၃၈၀၀ ရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၂၂) ရန်ပြေ ၉ လမ်း ၃ ရပ်ကွက် သာကေတမြို့နယ်နေ (ကိုမြတ်စိုး) MS စတိုး သိမ်ကြီးဈေးဒီရုံ (၅)နှစ်ပြည့်အား ရည်စူး၍ ဦးရွှေထွန်း–ဒေါ်ဖြူ မိသားစုက ငွေ ကျပ် တစ်သိန်းကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက်တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၈ခု၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက် သောကြာနေ့ (၂၁-၄-၂၀၀၆)	**ကျင်းပမည့်နေ့ရက်** ၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ၂၀၀၆ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ
အရှင်ဇဝန(မေတ္တာရှင်၊ ရွှေပြည်သာ) မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက် စနေနေ့ (၂၂-၄-၂၀၀၆)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့ (၂၃-၄-၂၀၀၆)	**ကျင်းပမည့်အချိန်** ညစဉ် ၇း၀၀ နာရီ

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ယှဉ်ပြိုင် ဘာစီလိုနာအသင်း အဝေးကွင်း၌ အေစီမီလန်ကိုနိုင်

တင်ပြသူ မြင့်မောင်စိုး

မီလန် ဧပြီ ၁၉

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဧပြီ ၁၈ ရက်ညပိုင်းက အေစီမီလန်အသင်းနှင့် ဘာစီလိုနာအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာက အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်သည်။

ဘာစီလိုနာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို လူဒိုဗစ်ဂူလီက ဒုတိယပိုင်းတွင် စိုးရိမ်မှုကြီးစွာဖြင့် ဂိုးသွင်းပေးနိုင်ခဲ့သည်။ ဂူလီနှင့် ရော်နယ်ဒင်ဟိုတို့ အပြိုင်ပြေးလာကြပြီး ဂူလီက ရော်နယ်ဒင်ဟိုအား ကျော်ဖြတ်၍ ညှိသည့်အသင်းအတွက် ထိုက်ထိုက်တန်တန် အနိုင်ဂိုးကို သွင်းပေးလိုက်သည်။

ရော်နယ်ဒင်ဟိုနှင့် လူဒိုဗစ်ဂူလီတို့သည် ဂိုးသွင်းခွင့်များ ရခဲ့ကြသည်။ ဂူလီနှင့် အေစီမီလန်ဂိုးသမား ဒီဒါတို့ တစ်ယောက်ချင်းအတွေ့တွင် ကာကွယ်နိုင်ခဲ့သည်။ ရော်နယ်ဒင်ဟို သွင်းယူသော ဂိုးမှာလည်း ဂိုးတိုင်အတွင်းဘက်ကိုထိကာ ပြန်ထွက်လာခဲ့သည်။

အေစီမီလန်မှ အယ်လ်ဘာတိုဂျီလာဒီနိုသည် အကောင်းဆုံး ဂိုးသွင်းခွင့်ရရှိခဲ့သည်။ သို့ရာတွင် ၎င်းကန်လိုက်သောဘောလုံးမှာ အပေါ်ထောင်တက်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။

ဂိုးကံခေ

အေစီမီလန်အသင်းသည် အိမ်ကွင်းပီပီ အစပိုင်းတွင် ဖိကစားနိုင်ခဲ့၍ အခွင့်အလမ်းများရခဲ့သည်။ သို့ရာတွင် ဂိုးကံခေ၍ ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။ ဘာစီလိုနာကို အိမ်ကွင်း၌ရှုံးခဲ့၍ အဝေးကွင်းအနိုင်ရရှိရန် အေစီမီလန်တို့ အကြိတ်အနယ်ကြိုးစားရမည်ဖြစ်သည်။

အေစီမီလန်တို့ ပွဲအစပိုင်းတွင် နှစ်ကြိမ်ခန့် ဂိုးရမည့်အခွင့်အလမ်း ရရှိခဲ့သည်။ သို့သော်လည်း ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။

ပထမအခွင့်အလမ်းမှာ ဂျီလာဒီနိုသည် ဘောလုံးကိုထိန်းပြီး လေးကိုက်အကွာမှ ကန်သွင်းလိုက်ရာ ဘောလုံးမှာ အပေါ်ချော်တက်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။

အင်ဒရီရှက်ချင်ကို ခေါင်းတိုက်သွင်းယူသော ဘောလုံးမှာလည်း ဘာစီလိုနာ ဂိုးသမား ဗယ်လ်ဒက်စ် ကာကွယ်လိုက်နိုင်သည်။

ဆမ်မြူရယ်အီတိုးသည် ဘာစီလိုနာ၏ တိုက်စစ်ကို မွှေနှောက်ကစား၍ ခြေစွမ်းပြကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ၎င်းသည် ကိုက် ၂၀ အကွာမှ ကန်သွင်းရာ ဂိုးသမား ဒီဒါ ဖမ်းမိသွားသည်။

ဖမ်းမိ

ဘာစီလိုနာတို့ တိုက်စစ်အားကောင်းလာပြီး ရော်နယ်ဒင်ဟိုနှင့် အီတိုးတို့ အချိတ်အဆက်မိမိဖြင့် အေစီမီလန် နောက်တန်းလူများကို ထိုးဖောက်ကာ ဂူလီထံ ဘောလုံးထိုးပေးလိုက်ရာ ၎င်းက ကန်သွင်းလိုက်ရာ ဒီဒါ ဖမ်းမိသွားပြန်သည်။

အေစီမီလန်မှ ရှက်ချင်ကိုနှင့် ကာကာတို အတိုင်အဖောက်ကစားပြီး အလယ်တန်းလူ ဂျီလာဒီနိုထံ ဘောလုံးထိုးပေးလိုက်ရာ ၎င်းကန်သွင်းသော ဘောလုံးမှာ ဘာစီလိုနာဂိုး ညာဘက်တိုင်နှင့် လက်မအနည်းငယ်သာ လွဲချော်၍ ဂိုးလွန်ဘောဖြစ်သွားခဲ့သည်။

ပွဲချိန်တစ်နာရီမတိုင်မီ ရော်နယ်ဒင်ဟိုက ဂူလီအတွက် အကောင်းဆုံး ဂိုးသွင်းခွင့်ကို ဖန်တီးပေးလိုက်ရာ ဂူလီက အပိုင်ကန်သွင်းလိုက်ရာမှ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ရော်နယ်ဒင်ဟိုက ဂူလီကို အကောင်းဆုံးအကွက်ကို ဖန်တီးပေးလိုက်နိုင်သဖြင့် ဘာစီလိုနာအသင်း၏ ချန်ပီယံလိဂ်ဖလားအိပ်မက်လင်းလက်တောက်ပသွားသည်။

အေစီမီလန်တို့ ချေပဂိုးသွင်းနိုင်ရန် အခွင့်အလမ်းများ ပိုမိုဖန်တီးလာသည်။ သို့သော်လည်း ချေပဂိုး မသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။

အေစီမီလန်မန်နေဂျာ

ပွဲအပြီး အေစီမီလန်အသင်း မန်နေဂျာ ကာလိုအင်စီလော့တီက "ယနေ့ပွဲသည် အလွန်မျှတပြီး ကြည့်ကောင်းသည့်ပွဲ တစ်ပွဲဖြစ်ကြောင်း၊ မီလန်အသင်း ကောင်းကောင်းကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့ကြောင်း၊ သို့သော်လည်း ဂိုးကံခေ၍ ဂိုးမဝင်ဘဲ ဖြစ်ခဲ့ရကြောင်း၊ ယခုရလဒ်အဖြေသည် ဒုတိယအကျော့တွင် ပြန်လည်ချေပနိုင်ရေးအတွက် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ဘာစီလိုနာက ဆန်စီရို၌ မိမိတို့အား အနိုင်ရလျှင် မိမိတို့လည်း ဘာစီလိုနာတွင် အနိုင်ရနိုင်ကြောင်း" ၎င်းက ပြောကြားသွားသည်။

အနိုင်ဂိုးသွင်းသူ ပြောစကား

ဘာစီလိုနာအသင်းအတွက် အနိုင်ဂိုးသွင်းသူ လူဒိုဗစ်ဂူလီက ပြောကြားရာတွင် "ရော်နယ်ဒင်ဟိုက မိမိအား အပိုင်ကန်သွင်းခွင့်ဘောလုံးကို ပေးပို့နိုင်ခဲ့၍ ဘာစီလိုနာအသင်း မျှော်လင့်နေသော အနိုင်ဂိုးကို သွင်းပေးနိုင်ခဲ့ကြောင်း၊ မိမိတို့အသင်းသည် ချန်ပီယံလိဂ် ဗိုလ်လုပွဲတက်ရောက်ရန် ခြေတစ်ဖက် လှမ်းနေပြီဖြစ်ကြောင်း၊ သို့ရာတွင် အောင်မြင်မှုကိုထိန်းထားပြီး အပြင်းအထန်ကြိုးစားခြင်းဖြင့် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်လိမ့်မည် ဖြစ်ကြောင်း" ပြောကြားသည်။ ။

(မြန်မာ့အလင်း)

ဘာစီလိုနာမှ ရော်နယ်ဒင်ဟို၏ အနုပညာဆန်ဆန် အလှအပကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

အသက် ၇၀ ရှိ မာရသွန်အပြေးသမား ဦးတင်စိန် မူဆယ်မှတာထွက်ပြီး ရန်ကုန်မြို့သို့ ပန်းဝင်မည်

ရန်ကုန် ဧပြီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်တွင် နေထိုင်သူ အသက် ၇၀ ရှိ မာရသွန်အပြေးသမား ဦးတင်စိန်(ခ)အန်ကယ်ဆွိသည် လွန်ခဲ့သော မတ် ၂၉ ရက်မှစတင်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်ဖတ်ကာကျေးရွာမှ စတင်တာထွက်လာရာ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ပြင်ဦးလွင်၊ မန္တလေး၊ ကူမဲ၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ လယ်ဝေး၊ ရေတာရှည်၊ တောင်ငူ၊ ကညွတ်ကွင်း၊ ညောင်လေးပင်၊ ပဲခူး၊ ရန်ကုန်မြို့များသို့ နေ့စဉ်မပြတ် တစ်နေ့လျှင်မိုင် ၂၀ မှ ၂၇ မိုင်အထိပြေးမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းသို့ ဧပြီ၃၀ ရက်တွင် မိုင် ၇၄၀ ခရီး ပန်းဝင်ရန်စီစဉ်ထားသည်။

ကူညီထောက်ပံ့

မာရသွန်အပြေးသမား ဦးတင်စိန်သည် ဧပြီ ၁၈ ရက် နံနက် ၇ နာရီတွင် မိတ္ထီလာမြို့မှ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ပျော်ဘွယ်မြို့သို့ ဆက်လက်ထွက်ခွာကြောင်းနှင့် ဦးတင်စိန်(ခ)အန်ကယ်ဆွိအား ဧပြီ ၁၈ ရက်မှစတင်၍ ပြေးလမ်းခရီးစဉ်တစ်လျှောက် မြို့များမှ စောင့်မျှော်ကြည့်ရှုအားပေးနိုင်ကြပြီး ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါခရီးစဉ်အတွက် ဦးတင်စိန်အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကူညီထောက်ပံ့ငွေကျပ် ၅၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အသက်(၁၃)နှစ်အောက် ပြည်နယ်/တိုင်း ဘောလုံးပြိုင်ပွဲ ကချင်ပြည်နယ်က ပဲခူးတိုင်းကို ပွဲဦးထွက်အနိုင်ရရှိ

ရန်ကုန် ဧပြီ ၁၉

(၉)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်း လူငယ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ စတင်ကျင်းပရာ အုပ်စု(က)မှ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ကချင်ပြည်နယ်အသင်းမှ ကျောနံပါတ် ၁၄ ပီတာ က ရရှိသည်။

အုပ်စုခွဲ

ပြိုင်ပွဲတွင် ၁၆ သင်းပါဝင်ယှဉ်ပြိုင်ရာ အုပ်စုလေးစုခွဲ၍ ပထမအဆင့် အုပ်စု အမှတ်ပေးပွဲစဉ်များ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုရေးဆွဲထားရာ အုပ်စု(က)၌ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်း၊ အုပ်စု(ခ)၌ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အုပ်စု(ဂ)၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ အုပ်စု(ဃ)၌ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်ရမည်

ပထမအဆင့် အုပ်စုအမှတ်ပေးပွဲစဉ်များကို ဧပြီ ၂၅ ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတို့၌ ညနေ ၃ နာရီမှစတင်၍ တစ်နေ့လျှင် လေးပွဲနှုန်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းရှိ မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ပြီ

မွေးမြူရေးနှင့်ကုသရေးက အန္တရာယ်ကင်းစွာ စားသုံးနိုင်ရေးနှိုးဆော်

ရန်ကုန် ဧပြီ ၁၉

ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပြီး လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်းကြက်၊ ဘဲများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး ရောဂါစူးစမ်းရှာဖွေလေ့လာမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဧပြီ ၁၆ ရက်စွဲဖြင့် ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်ရေးနှင့် အန္တရာယ်ကင်းရှင်းစွာ စားသုံးရေး သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

၁။ **မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ထိန်းချုပ်နိုင်မှုသတင်း**

(က) **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ၂၀၀၆ခုနှစ် မတ်လ ပထမပတ်မှစတင်၍ ကျရောက်ဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း မြို့နယ်(၁၃)မြို့နယ်အထိ ရောဂါကူးစက် ပျံ့နှံ့ခဲ့ပါသည်။

(ခ) **ရောဂါထိန်းချုပ်နိုင်မှု။** ယခုအခါ အဆိုပါ မြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်ပြီ ဖြစ်ပြီး အချို့မြို့နယ်များတွင် အမြင့်ဆုံး ၂၀ ရက်နှင့် အနိမ့်ဆုံး ၇ ရက်ရှိပြီး ဖြစ်ပါသည်။ လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်းကြက်၊ ဘဲများတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှု မရှိရေး ရောဂါစူးစမ်းရှာဖွေ လေ့လာမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၂။ **ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်ရေး**

(က) ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသော ပြည်နယ်/တိုင်းများ

(၁) **ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ တင်ပို့သော ပြည်နယ်/တိုင်းများ။** ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသော ပြည်နယ်/တိုင်းများအနေဖြင့်တင်ပို့သည့် ကြက်၊ဘဲ၊ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများနှင့် ပတ်သက်၍ ရောဂါကင်းရှင်းကြောင်းကို သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်အပေါ် အခြေခံ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပါဝင်သော ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်များအတွင်းဖွဲ့စည်းထားရှိသည့် ကြက်ငှက်တုပ်ကွေး ရောဂါထိန်းချုပ်ရေး အဖွဲ့လိုက် စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ ကြိုတင်တင်ပြ ခွင့်ပြုချက်များရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) **ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ တင်သွင်းသော ပြည်နယ်/တိုင်းများ။** ကုန်ပစ္စည်းများ လက်ခံမည့် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်များအနေဖြင့် သက်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ ကြိုတင်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်စည်တင်ပို့သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် ဦးစီးမှူးများသို့လည်း ပြန်လည်ညှိနှိုင်းသွားမည် ဖြစ်ပါသည်။

(ခ) ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ထားရှိသော ပြည်နယ်/တိုင်းများ

(၁) **သယ်ပို့ရောင်းချမှု။** စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ရောဂါဖြစ်ပွားခဲ့သည့် (၁၃)မြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်သည့် ကာလ ၂၁ ရက်အတွင်း ကြက်ခြံဟောင်းများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်းကြက်၊ ဘဲများတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး၊ ရောဂါစူးစမ်းရှာဖွေလေ့လာမှုများပြုလုပ်ပြီး ရောဂါကင်းရှင်းမှု စိတ်ချရသည့် မြို့နယ်များအတွင်း သက်ဆိုင်သည့် ရောဂါထိန်းချုပ်ရေးအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ တင်ပြ၍ ကြက်၊ ဘဲ၊ ငုံးနှင့် ထွက်ကုန်ပစ္စည်းများ၊ မြို့နယ်အတွင်း/မြို့နယ် ပြင်ပနှင့် ဈေး၊ စားသောက်ဆိုင်များ၌ ရောင်းချမှု၊ သယ်ပို့ပြောင်းရွှေ့မှုများကို ခွင့်ပြုသွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

(၂) **ရောဂါဖြစ်ပြီး ကြက်ခြံများ ပြန်လည်မွေးမြူမှု။** ရောဂါနောက်ဆုံးဖြစ်ပွားပြီး ၂၁ရက်အတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ ကြက်သေဆုံးမှုကို ထောက်လှမ်းခြင်း၊ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး၊ ရောဂါစူးစမ်းရှာဖွေလေ့လာမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ထပ် နှစ်လအတွင်း လိုအပ်သည့် ဇီဝလုံခြုံရေး အစီအမံများ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကြက်အသစ်မသွင်းမီ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အာဏာပိုင် ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ငယ်များဖြင့် အန္တရာယ်ကာကွယ် တားဆီးရေးဆိုင်ရာများ ကြိုတင်ညှိနှိုင်းမှု၊ လေ့ကျင့်ပညာပေးဆွေးနွေးမှုပြုလုပ်ခြင်းများ စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ **တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်** ။ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာအစီအမံများအရ မွေးမြူထုတ်လုပ်သူ၊ သယ်ယူပို့ဆောင်သူ၊ ဝယ်ယူရောင်းချသူ၊ ချက်ပြုတ်စားသောက်သူများအနေဖြင့် အောက်ဖော်ပြပါ တိရစ္ဆာန်ကျန်းမာရေး ပညာပေးဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(က) **မွေးမြူထုတ်လုပ်သူများ တိရစ္ဆာန်ကျန်းမာရေး သတိပြုရန်အချက်များ–**

(၁) ကြက်ငှက်တုပ်ကွေးရောဂါသည် အပြည်ပြည်ဆိုင်ရာအတွေ့အကြုံအရ တစ်ကျော့ပြန်၊ နှစ်ကျော့ပြန် ဖြစ်တတ်သည့် ရောဂါတစ်ရပ်ဖြစ်သည်ကို တိရစ္ဆာန်ကျန်းမာရေးသတိရှိရန်။

(၂) ကြက်၊ ဘဲ၊ ငုံးခြံများ၏ ဇီဝလုံခြုံမှုတိုးမြှင့်ရန်အတွက် တောရိုင်းကြက်၊ ငှက်၊ ကြောင်၊ စာကလေး စသော တိရစ္ဆာန်များ မဝင်နိုင်စေရန် မွေးမြူရေးအဆောက်အအုံကို ပြန်လည်မွမ်းမံပြုပြင်ဖန်တီးရန်။

(၃) လူ၊ တိရစ္ဆာန်၊ ယာဉ်နှင့် လုပ်ငန်းအသုံးအဆောင်ပစ္စည်းများ အဝင်၊ အထွက်ကို ကန့်သတ်ရန်၊ ပိုးသတ်သန့်စင်ပြီးမှ အဝင်၊ အထွက်ပြုလုပ်ရန်နှင့် လုပ်ငန်းဝတ်စုံ သီးခြားထားရှိရန်။

(၄) ရောဂါကင်း၍ သန့်ရှင်းလတ်ဆတ်သောတိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်နိုင်ရေးကို အမြဲသတိပြုဆောင်ရွက်ရန်။

(၅) အဆောက်အအုံတစ်ခုအတွင်း မတူသည့်တိရစ္ဆာန်အမျိုးအစားရောနှော၍ မမွေးမြူရန်။

(၆) မိမိမွေးမြူရေးခြံမှ ထုတ်လုပ်သော စားသုံးရန် ကြက်ဥ၊ ဘဲဥ၊ ငုံးဥများကို ကြက်ချေး၊ ဘဲချေး ကင်းစင်စေပြီး ဖြစ်နိုင်လျှင် မှိုင်းတိုက်ပိုးသတ်သန့်စင်ပြီးမှ ဖြန့်ဖြူးရောင်းချခြင်းကို ဆောင်ရွက်ရန်။ (မှိုင်းတိုက်ပိုးသတ်မှုနည်းပညာကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရယူရန်)

(၇) ကြက်နာ၊ ကြက်သေများရောင်းချခြင်း မပြုလုပ်ရန်။

(၈) ထုပ်ပိုးသယ်ဆောင်ပစ္စည်းများအား ပိုးသတ်သန့်စင်ခြင်းကို စနစ်တကျဆောင်ရွက်ရန်။

(၉) မိမိမွေးမြူထုတ်လုပ်သော ကြက်၊ ဘဲ၊ ငုံးခြံများ၏ ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းကြောင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အစစ်ဆေးခံယူပြီး ကျန်းမာရေးထောက်ခံချက်ရယူရန်။

(၁၀) မွေးမြူထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့် သေချာစွာဆေးကြောရန်၊ လုပ်ငန်းခွင်၌အသုံးပြုသည့် အဝတ်အစားများကို စနစ်တကျ သန့်ရှင်းထိန်းသိမ်း အသုံးပြုရန်။

(ခ) သယ်ယူပို့ဆောင်သူများ တိရစ္ဆာန်ကျန်းမာရေး သတိပြုရန်အချက်များ–

(၁) သတ်မှတ်သည့် လုပ်ငန်းသုံးဝတ်စုံကို စနစ်တကျအသုံးပြုရန်၊ သီးခြားထိန်းသိမ်းရန်။

(၂) မွေးမြူထုတ်လုပ်ရေးခြံ၏ ဇီဝလုံခြုံမှုညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(၃) ကြက်နာ၊ ကြက်သေများကို ကျန်းမာသောကြက်များနှင့် ရော၍လည်းကောင်း၊ မျိုးကွဲတိရစ္ဆာန် ကြက်၊ ဘဲ၊ ငုံး၊ ဝက်တို့ရောနှော၍လည်းကောင်း သယ်ဆောင်ခြင်းမပြုရန်။

(၄) အသုံးပြုမည့် ယာဉ်သယ်ယူပို့ဆောင်ရေး၊ အသုံးအဆောင်ပစ္စည်းများကို လုပ်ငန်းမဆောင်ရွက်မီ ပိုးသတ်သန့်စင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးသည့်အခါ ပိုးသတ်သန့်စင်ခြင်းပြုလုပ်ရန်။

(၅) တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်ပါရှိသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကိုသာ သယ်ဆောင်ရန်။

(၆) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို သန့်ရှင်းစင်ကြယ်စေရန် ဆပ်ပြာနှင့်ဆေးကြောရန်။

(ဂ) အရောင်းအဝယ်ပြုသူများ တိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ–

(၁) ရောဂါအန္တရာယ်ကင်းသည့် ကျန်းမာသော ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများကို ဝယ်ယူရောင်းချရန်။

(၂) ကုန်စည်ဒိုင်၊ ကုန်လှောင်ရုံနှင့် အရောင်းဆိုင်များ၏ ဇီဝလုံခြုံမှုကို တိုးမြှင့်ပြုပြင်ဆောင်ရွက်ရန်။

(၃) အရောင်းဆိုင်၌ မျိုးမတူသည့်တိရစ္ဆာန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များ ရောနှောအတူထားရှိ၍ ရောင်းချခြင်းမပြုရန်။

(၄) လုပ်ငန်းခွင်ရောင်းဝယ်ရေးဝတ်စုံကို စနစ်တကျဝတ်ဆင်အသုံးပြုပြီး လုပ်ငန်းပြီးဆုံးက လဲလှယ်၍ စနစ်တကျ သန့်ရှင်းသိမ်းဆည်းရန်။

(၅) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ဆေးကြောသန့်စင်ရန်။

(ဃ) ချက်ပြုတ်စားသောက်သူများ တိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ–

(၁) ကျန်းမာလတ်ဆတ်သော ကြက်၊ ဘဲ၊ ငုံး အသားများကိုသာ ဝယ်ယူချက်ပြုတ်စားသောက်ရန်၊ ကြက်နာ၊ ကြက်သေများကို ချက်ပြုတ်စားသောက်ခြင်းမှ ရှောင်ကြဉ်ရန်။

(၂) ဟင်းချက်ရန်အတွက် ကြက်ကို ခုတ်ထစ်ပိုင်းဖြတ်သည့်အခါ လိုအပ်လျှင် လက်အိတ်စွပ်၍လည်းကောင်း၊ လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြော၍ လည်းကောင်း ကိုင်တွယ်ပါ။ လုပ်ငန်းဆောင်ရွက်ပြီးတိုင်း ဆပ်ပြာနှင့် ဆေးကြောသန့်စင်ရန်၊ လက်တွင်ထိခိုက်ရှနာ၊ အနာရှိလျှင် ကိုင်တွယ်ခြင်းမပြုရန်။

(၃) ပွက်ပွက်ဆူအောင်ချက်ပြုတ်စားသောက်ရန်။ (၆၀ ဒီဂရီ ဆဲလ်စီးယပ်တွင် မိနစ် ၃၀ ခန့်၊ ၁၀၀ ဒီဂရီ ဆဲလ်စီးယပ်တွင် ၂မိနစ်ခန့် ချက်ပြုတ်လျှင် အန္တရာယ်ကင်းစွာ စားသုံးနိုင်ပါသည်။)

(၄) အသားရောင်းဝယ်စားသုံးမှုတွင် ပြုပြင်ထုတ်လုပ်ပြီး အသားလုံးများကို ၈၀ ဒီဂရီ ဆဲလ်စီးယပ်ရေနွေးပူတွင် မိနစ် ၂၀၊ အသားအူချောင်းများ ၆၅ ဒီဂရီဆဲလ်စီးယပ်၌ မိနစ် ၃၀ မီးခိုးမှိုင်းတိုက်၍ ၈၀ ဒီဂရီ ဆဲလ်စီးယပ်ရေနွေးပူတွင် မိနစ်၂၀ ထားရှိ အအေးခံ၍ ရေခဲသေတ္တာတွင် သိုလှောင်ထားရှိသည့် အလေ့အကျင့်ကို သိရှိရန်နှင့် နည်းပညာကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညှိနှိုင်းလွှဲပြောင်းရယူရန်။

(၅) ကြက်သား၊ ဘဲသား၊ ငုံးသားများကို ရေခဲသေတ္တာ၊ အအေးခဲသေတ္တာတို့တွင် အခြားအသားသီးနှံများနှင့် ရော၍မထားရန်၊ ရောနှောထိန်းသိမ်းရန်ဖြစ်လျှင် အသားများကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးပြီး သိမ်းဆည်းရန်။

(၆) ကြက်ဥ၊ ဘဲဥ၊ ငုံးဥများကို ဆပ်ပြာရည်၊ ဆားရည်၊ ရှာလကာရည်စသည့် ရေဆွတ်ထားသည့် အဝတ်တို့ဖြင့် ပွတ်တိုက်သန့်ရှင်းပြီးမှ ရေခဲသေတ္တာ၊ ကြောင်အိမ် စသည်တို့တွင် သိမ်းဆည်းထားရန်။

(၇) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့်ဆေးကြောသန့်ရှင်းရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

(၁၉)လမ်းမိသားစု ရေကစားမဏ္ဍပ်

ရန်ကုန် ဧပြီ ၁၉

Myanmar Towards Co., Ltd.၏ပံ့ပိုးကူညီမှုဖြင့် လသာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ၁၉ လမ်း မိသားစု VALIANT ရေကစားမဏ္ဍပ်တွင် ဧပြီ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့အထိ လမ်းမိသားစုများမှ ပျော်ရွှင်စွာ ရေကစားကြသည်။ **(အောက်ပုံ)**

VALIANTရေးကစားမဏ္ဍပ်သို့ မဟာသင်္ကြန်ရက်များအတွင်း အမှတ်(၄) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ လသာမြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ အစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

အင်ဒိုနီးရှားနိုင်ငံ အုဘုမြို့တွင် ဧပြီ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် အာဆီယံ ပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင်ပုဂ္ဂိုလ်များ၏ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၅ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေ၊ ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသိန်းနှင့် ဌာနစုမှူး(၁) ဦးဇော်နိုင်ဝင်းတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်တုန်းမြို့နယ် ကြက်တူရွေးတောင်(ခွဲ)အထက၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမင်းအောင်က ကျောင်းသား ကျောင်းသူများအား သင်ယူပြီးမြောက်ခြင်း လက်မှတ်များပေးအပ်ချီးမြှင့်စဉ်။ (ဝ၄၈)

စူဠဘွဲ့နှင့်သဘင်ပွဲ ကျောက်တံခါး၌ကျင်းပ

ကျောက်တံခါး ဧပြီ ၈

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကကြီးမှူးကျင်းပသည့် စူဠဘွဲ့နှင့်သဘင်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက် နံနက်က ဥတ္တမာရုံကျောင်းတိုက်၌ကျင်းပရာ စာအောင်သံဃာတော်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်ပြည်သူများ၊ ယောဂီဝတ်အသင်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ပူဇော်ကြသည်။ **(ယာပုံ)**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဦးတေဇနိယထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလခံယူကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် စာအောင်သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက အောင်လက်မှတ်နှင့် နဝကမ္မဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး နွားထိုးကြီးမြို့၌ အလှူရှင်ကျေးရွာစက်ရေတွင်းဖွင့်

နွားထိုးကြီး ဧပြီ ၈

နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဒသမအကြိမ်လှူဒါန်းငွေဖြင့် တူးဖော်ပေးခဲ့သည့် အလှူရှင်ကျေးရွာစက်ရေတွင်းဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီက အင်ချောင်းကျေးရွာအလယ်ရှိ စက်ရေတွင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်က ကျေးရွာသန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် စက်ရေတွင်းအကြောင်း ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင်စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် အလှူရှင် ဦးဖေယျာလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးက ကျေးရွာစက်ရေတွင်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ဝိုင်းသို့ စက်ရေတွင်းကို လွှဲပြောင်းပေးအပ်သည်။ **(၂၁၃)**

မော်ကျွန်းမြို့နယ်၌ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်

မော်လမြိုင်ကျွန်း ဧပြီ ၉

မော်လမြိုင်ကျွန်းမြို့နယ် သရက်ကုန်း ကျွန်းဒိပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက အေးရွာရုံးသစ် အဆောက်အအုံရှေ့ မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်သရက်ကုန်း ကျွန်းဒိပ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိန်းကြွယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးအောင်ဇော်လှိုင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိန်းကြွယ်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ ရုံးသစ်အဆောက်အအုံကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျေးရွာပြည်သူများ၏ ပူးပေါင်းလှူဒါန်းငွေ ကျပ်၁၆သိန်းကျော်ဖြင့်မတည်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(ဝ၉၇)**

မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ မိုးညှင်း၌ ကျင်းပ

မိုးညှင်း ဧပြီ ၅

မူးယစ်ဆေးဝါးရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို မတ် ၁၉ ရက် နံနက် ၁၁ နာရီက ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေ ဘုံကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်အောင်ဇော်မိုးက မူးယစ်ဆေးအလွဲသုံးမှု၊ လူမှောင်ခိုမှု၊ လူကုန်ကူးမှု၊ လိမ်လည်မှုများနှင့်ပတ်သက်၍ မူးယစ်ရေးရာအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

သရုပ်ပြ

ဆက်လက်၍ ယာဉ်ထိန်းရဲတပ်ကြပ်ကြီးညွန့်အောင်နှင့် ရဲတပ်ကြပ်ကြီး မြင့်ဆွေတို့က ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းသတိပေးအချက်အလက်များကို သရုပ်ပြ ရှင်းလင်းသည်။ **(၁၅၂)**

ဗဟန်းမြို့နယ်မိုးညှင်းဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ကြည့်မြင်တိုင်မြို့နယ် ဥယျာဉ်လမ်း အမှတ် ၄၀ နေ ကျေးဇူးရှင် မိုးညှင်းဆရာတော်နှင့် ဦးဝမ်းဒီ-ဒေါ်စိန်ငွေ တို့အား ရည်စူး၍ ညီမ ဖြစ်သူ ဒေါ်ကျင်ကျွေ မိုးညှင်း ယောဂီမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ နာယကထံ လှူဒါန်းစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ခြံစည်းရိုးကြက်ဆူပင် ကောလင်း၌ စုပေါင်းစိုက်ပျိုး

ကောလင်း ဧပြီ ၁

ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မတ် ၁၅ ရက်က ကောလင်းမြို့နယ် ရေကန်သာအုပ်စု သဖန်းကုန်းကျေးရွာဥက္ကဋ္ဌ ဦးဖိုးဟန်၊ ကျောင်းအုပ်ဆရာကြီး ဦးယောမင်းဆွေနှင့်ကျောင်းသူကျောင်းသားများ၊ ရပ်မိရပ်ဖများ စုပေါင်း၍ ကောလင်း-ဥက္ကံလမ်းဘေး ဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ ကို စိုက်ပျိုးကြသည်။

ကူညီဆောင်ရွက်

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ မြို့နယ်တာဝန်ရှိသူများ၊ နယ်မြေမှူးများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ကြသည်။ **(ဝ၂၆)**

မီး သတိပြု

အမှိုက်များရှင်းလင်း ပန်းအလှပင်များပြုပြင်

ဖြူး ဧပြီ ၆

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ ဧပြီ ၈ ရက်က ဖြူးမြို့အတွင်း၌ မြို့သန့်ရှင်းရေးနှင့် သာယာလှပရေးအတွက် မြို့အတွင်းအမှိုက်များ စုပေါင်းရှင်းလင်းခြင်း၊ လမ်းဘေးချုံနွယ်များ ရှင်းလင်းခြင်း၊ လမ်းဘေးဝဲယာတွင် မြေယာရှုခင်းပြင်ဆင်ခြင်း၊ ပန်းဥယျာဉ်အတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပန်းအလှပင်များပြုပြင်ခြင်း လုပ်ငန်းများကို ဦးစီးအရာရှိ ဦးအောင်သန်းက ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဘိုကလေးမြို့နယ် ဟောမာန်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဘောလုံး ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို မတ် ၂၅ရက်က ကျင်းပရာ ပထမဆုရသော ဟောမာန်ကျေးရွာ ဘောလုံး အသင်းအား ကျေးရွာဥက္ကဋ္ဌ ဦးခင်ဇော်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှမင်းသူတို့က တံခွန်စိုက်ဆုဖလား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၁-၄-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဠာနာဌိယသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပြည်ပသွင်းကုန်အစားထိုး ရှမ်းပူထုတ်လုပ်မှုအကြောင်း)
၁၁:၃၅ သုတကမ္ဘာ
၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (မျက်စိကျန်းမာရေးနှင့် အမြင်သန့်စွမ်းရေး)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကျီစားသန့်တဲ့ ကံကြမ္မာ)

ညနေပိုင်း

၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)အချစ်ရာသက်ပန် (ခေါင်းကြီး)
(၂)ပင်မြက်မြေဇာ (ဆောင်းပါး)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (လှစေချင်သူ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် လေသန့်သန့်ရှူရှိုက်စို့-မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (ယဉ်ကိန္နရီကာလပေါ် တူရိယာအဖွဲ့)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရေးဟောင်းသမိုင်းဝင်ကျိုက်ဒေးယျုံစေတီတော် ပန်းလည်တိုင်တင်လှူပူဇော်ပွဲကို ဧပြီ ၇ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က စေတီတော်တွင် တင်လှူပူဇော်မည့် ပန်းလည်တိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။ (ခရိုင် ပြန်/ဆက်)

တီဘီရောဂါအကြောင်း ဟောပြော

ဝိုင်းမော် ဧပြီ ၄

ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနှင့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၁ရက်က ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဆမားခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဆရာဝန် ဒေါက်တာမြင့်စိုးက ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး မြို့နယ် ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် ဆရာဝန်ဒေါက်တာ စမ်းစမ်းရှိန်တို့က တီဘီရောဂါအကြောင်း ဟောပြောဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေပြည်သာမြို့ ၆/၁၀ ရပ်ကွက် ရွှေပြည်သာပရိယတ္တိစာသင်တိုက်အတွင်းရှိ နာရေးကူညီမှုအသင်း (ရွှေပြည်သာ)သို့ ရွှေပြည်သာမြို့ ၁၄ ရပ်ကွက် ပန်းခြံ (၁၂) မဟာဗန္ဓုလလမ်းနှင့် အင်းစိန်မြို့ ဖော့ကန်ရပ်ကွက် မင်္ဂလာလမ်းနေ ဦးထွန်းဝေ-ဒေါ်ခင်ဆွေအေးနှင့် မြေးလေးဦးတို့က အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးမျိုးသက်အောင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးကိုကိုကြီးတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မိုးကောင်းမြို့နယ်၌ ပန်းဥယျာဉ်စာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်များလှူဒါန်း

မိုးကောင်း ဧပြီ ၁

မိုးကောင်းမြို့နယ် ထီးချိုင့်ကျေးရွာ သုဇနာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုဇာတ (သာသနဓဇ ဓမ္မာစရိယ)က ဦးဆောင်ကြီးမှူး၍ ပန်းဥယျာဉ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်က စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တ သုဇာတ (သာသနဓဇ ဓမ္မာစရိယ)က ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ဗီစီဒီပြစက်တစ်လုံးတို့ကိုလည်းကောင်း၊ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲနှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်သုံးသောင်းစီကိုလည်းကောင်း၊ စေတနာရှင်များက သုတရသစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်နိုင်ယုနှင့် အတွင်းရေးမှူးဦးဇော်သူရတို့ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တ သုဇာတ (သာသနဓဇ ဓမ္မာစရိယ)၊ မြို့နယ် ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ **(၄၁၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

မြင်းခြံမြို့ အမှတ် (၂၀)ရပ်ကွက် ဗဟိုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က ဗဟိုလမ်းထိပ်ရှိ မဏ္ဍပ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် တို့က ဗဟိုလမ်း ကတ္တရာ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၄၀၂)

ပါဠိပထမပြန်စာမေးပွဲ ကလော၌ ကျင်းပ ရဟန်းသံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ကလော ဧပြီ ၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ မဟာဓမ္မိကာရာမ သိမ်တောင် ပရိယတ္တိစာသင်တိုက်တွင် (၇၄)ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲ အခမ်းအနားကို ဧပြီ ၃ ရက်မှစတင်၍ ကျင်းပရာ ကလောမြို့နယ်နှင့် ရွာငံမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်တို့မှ ပထမကြီးတန်း ၂၄ ပါး၊ ပထမလတ်တန်း ၄၆ ပါး၊ ပထမငယ်တန်း ၁၂၇ ပါး စုစုပေါင်းသံဃာတော် ၁၉၇ ပါးပါဝင်ဖြေဆိုတော်မူကြသည်။

အဆိုပါ ပါဠိပထမပြန် စာမေးပွဲကို မြို့နယ်သံဃနာယက အဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုကို ခံယူကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျင်းပခြင်းဖြစ်သည်။

စာမေးပွဲ ဖြေဆိုတော်မူကြသော ရဟန်းသံဃာတော်တို့အား ဆွမ်း၊ ခဲဖွယ်တို့ကို စေတနာရှင်ပြည်သူများက ဧပြီ ၁၀ ရက်အထိ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(၄၀၈)**

သန့်ရှင်းရေးဆောင်ရွက် အမှိုက်များဆယ်ထုတ်စွန့်ပစ်

မြစ်ကြီးနား မတ် ၃၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့တော်အား သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သော မြို့ဖြစ်လာစေရန်နှင့် စည်းကမ်းတကျရှိပြီး သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သောဈေးကြီးများ ဖြစ်စေရန်အတွက် မတ် ၂၀ ရက်က ဦးစီးမှူးဦးခင်အောင်နီ ကြီးကြပ်၍ ဈေးသန့်ရှင်းရေးဝန်ထမ်းများသည် အမှတ်(၁)၊(၂) နှင့် ကမ်းနားဈေးများအတွင်း ဈေးအိမ်သာများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဈေးရေဆိုးထုတ်မြောင်းများအတွင်း အမှိုက်များဆယ်ထုတ်စွန့်ပစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအေးဆွေက ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ဆုချီးမြှင့်

လှိုင်သာယာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဗဟိုသင်္ကြန် ဆုပေးမဏ္ဍပ် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ရက်က ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ခင်က ဒုတိယဆုရ အမှတ် (၁၀) ရပ်ကွက် ကိုယ်စားပြု မြသီရိမေယိမ်းအဖွဲ့အား ဆုဖလားနှင့်ငွေသားကျပ်တစ်သိန်းအား ဆုချီးမြှင့်စဉ်။

(၁၈၀)

သက်ကြီးအဘိုးအဘွားများအားပူဇော်

ဂန့်ဂေါ မတ် ၃၁

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူး၍ သက်ကြီး ရွယ်အို စောင့်ရှောက်ရေး အစီအစဉ်အရ သက်ကြီး အဘိုးအဘွားများအား ပူဇော်ပွဲကို မတ် ၉ ရက် နံနက်က ဂန့်ဂေါမြို့ မြို့မ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်ဒေါ်သီတာ၊ ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ကြူ၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်တို့က သက်ကြီး ဘိုးဘွား ၃၀ တို့အား လှူဖွယ် ပစ္စည်းများ ပေးအပ်ကြပြီး ဂါရဝပြု ကန်တော့ကြသည်။ (၂၇၃)

ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော စက်ရုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးအောင်ဆန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအားမိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီက ဝတ်စုံထောက်ပံ့ပွဲ အခမ်းအနားကို ဧပြီ ၇ ရက်က အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိမ်းဌေးက ဝတ်စုံများကို မြို့နယ် ဒုတိယဦးစီးမှူး ဦးမျိုးသိုက်ထွန်းအား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

စိတ္တသုခ လူမှုကူညီရေးအသင်းသို့ ဝတ်စုံများလှူဒါန်း

တောင်တွင်းကြီး ဧပြီ ၁၀

တောင်တွင်းကြီးမြို့ စိတ္တသုခလူမှုကူညီရေးအသင်းတွင် ဆောင်ရွက်ကြသည့် နာယက၊ ကော်မတီများနှင့် ရုံးဝန်ထမ်းများအတွက် ငွေကျပ် ၂၆၅၀၀၀ တန်ဖိုးရှိ ဝတ်စုံ ၃၅ စုံကို စေတနာရှင် ဦးကျော်စိုးဦးနှင့် ဒေါ်ခိုင်မိသားစုက လှူဒါန်းပွဲကို ဧပြီ ၅ ရက် ညနေ ၄ နာရီက အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ မျိုးမြင့်သိန်းကလက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တောင်တွင်းကြီးမြို့ စိတ္တသုခအသင်း အနေဖြင့် မြို့ပေါ်နာရေးပို့ဆောင်မှုနှင့် နယ်ရပ်ဝေး ပို့ဆောင်မှုလုပ်ငန်းများသာမက သွေးလိုအပ်သော လူနာများ၊ အောက်စီဂျင်လိုအပ်သော လူနာများအတွက် သက်ဆိုင်မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၁၈၉)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဧပြီ ၁၈ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ကုတ်တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၂၀ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ လမ်းညွှန်ချက်

"နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို ဖွံ့ဖြိုးတိုးတက်စေချင်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ ရထားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ရာ တစ်ဦးချမ်းသာ ကျန်းမာသလို တစ်ဦးကိုလည်း ကျန်းမာချမ်းသာအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်း၊ မည်သည့်တိုင်းရင်းသား သားသမီးကိုမဆို သာစေ နာစေဟူ၍မရှိကြောင်း၊ သားသမီးအားလုံး ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ တံတားကြီးများ တည်ဆောက်ပေးခြင်းဟာ စီးပွားရေးအကျိုးအမြတ်အရ တွက်ချေကိုက်မှုမရှိသော်လည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ သောင်းကျန်းသူ ဒဏ်အပါအဝင် ဒုက္ခအမျိုးမျိုးခံစားနေကြရတဲ့ ပြည်နယ်သားများ တိုးတက်စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း။"

သံလွင်တံတား (မော်လမြိုင်) ရထားတံတား

ဧပြီ ၁၇ ရက်က ဖွင့်လှစ်လိုက်သော သံလွင်တံတား(မော်လမြိုင်) ရထားတံတားကို တွေ့ရစဉ်။ (သတင်း–၃၊ ၇၊ ၁၁၊ ၁၂) (သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်)ရထားတံတားသည် မြန်မာ့သမိုင်းဝင် တံတားကြီးဖြစ်ခရီးသွားလာမှု လွယ်ကူသွားသကဲ့သို့ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်သွက်လက်လာ ဒေသထွက်ကုန်ပစ္စည်းမျိုးစုံ ဈေးကွက်အသီးသီးသို့ အချိန်တိုအတွင်း စုန်ဆန်စီးဆင်းနိုင်ပြီ